၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror
Established in 1957

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊ သောကြာနေ့၊ (11-12-2015) (၈၄၁၁)

### မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ယူနက်စကိုဇီဝအဝန်းနယ်မြေ အင်းလေးကန်တွင် ဖွင့်လှစ်



သတင်း - ကြယ်စင်သာ
ဓာတ်ပုံ - နိုင်ထွန်း(တောင်ကြီး)

၂၀၁၅ ခုနှစ် ဇွန်လက ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသည့်ယူနက်စကို၏(၂၇)ကြိမ်မြောက် လူသားနှင့်ဇီဝအဝန်းနယ်မြေ အပြည်ပြည်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးကောင်စီ အစည်းအဝေးတွင် အင်းလေးကန်ကို မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဇီဝအဝန်းနယ်မြေအဖြစ် အတည်ပြုသတ်မှတ်ခဲ့သည်။

ယူနက်စကိုသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ကာ ယူအင်န်ဒီပီနှင့် နော်ဝေအစိုးရတို့၏ပံ့ပိုးမှုဖြင့် အင်းလေးကန်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်းမူဘောင်အရ အင်းလေးကန်အား ကမ္ဘာ့အမွေအနှစ်အဖြစ် အမည်စာရင်းတင်သွင်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံး ယူနက်စကို ဇီဝအဝန်းနယ်မြေကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်က ဖွင့်လှစ်ခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တို့က မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး အန်အိုးလက်စတတ်၊ အာရှ-ပစိဖိတ်

စာမျက်နှာ ၈ ကော်လံ ၁ သို့

# ကမ်းနားလမ်းတစ်လျှောက် စမ်းသပ်ပြေးဆွဲရန် စီစဉ်ထားသည့် လျှပ်စစ်ရထား ၂၀၁၆ နှစ်ဆန်းပိုင်းမှသာ ပြေးဆွဲမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက် ပြေးဆွဲမည့် လျှပ်စစ်ရထား နိုဝင်ဘာလတွင် စတင်စမ်းသပ်ပြေးဆွဲနိုင်ရန် စီစဉ်လျာထားခဲ့ရာ လာမည့် ၂၀၁၆ နှစ်ဆန်းပိုင်းမှသာ ပြေးဆွဲသွားမည်ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ကမ်းနားလမ်းတွင် ပြေးဆွဲမည့် လျှပ်စစ်ရထား (Tram) စနစ်အတွက် လျှပ်စစ်ရထားလမ်းအသစ်အဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် လာမည့်ဇန်နဝါရီလကုန် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပြေးဆွဲနိုင်ရေးအတွက် ပြင်ဆင်လျက်ရှိသည်ဟု မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းက ဒီဇင်ဘာ ၇ ရက်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား စီမံကိန်းရှင်းလင်းတင်ပြစဉ် ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် လျှပ်စစ်ဓာတ်အားလိုင်းအတွက် ချိတ်ဆက်ဆောင်ရွက်မှုများ ပြီးသလောက်ရှိနေပြီး ဓာတ်တိုင်များလည်း ပြီးစီးနေပြီဖြစ်သည်ဟု သိရသည်။

"ပြည်သူများအဆင်ပြေအောင် အရှုံးခံပြေးဆွဲပေးနေတဲ့ မြန်မာ့မီးရထားရဲ့ အရှုံးများတဲ့ လုပ်ငန်းပိုင်းတွေကို ပြန်လည်စိစစ်ပြီး ပုဂ္ဂလိကနဲ့အတူ အကျိုးတူပူးပေါင်းဆောင်ရွက်သွားဖို့လိုအပ်ပါတယ်" ဟု မြန်မာ့မီးရထားလုပ်ငန်းများနှင့် ခရီးစဉ်များ၊ ဘူတာများ ဘက်စုံအဆင့်မြှင့်တင်ရေးစီမံကိန်းကြီးများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက သုံးသပ်မှာကြားသည်။

လျှပ်စစ်ရထားလမ်းသစ်ကို ပထမဦးစွာ ဝါးတန်းလမ်းမှ ပန်းဆိုးတန်းအထိ စမ်းသပ်ပြေးဆွဲသွားမည်ဖြစ်ပြီး လင်းစဒေါင်းအထိ ချိတ်ဆက်ပြေးဆွဲသွားနိုင်ရန် လျာထားသည်ဟု သိရသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့

### ထူးခြားသည့် ညအပူချိန်များ

| | |
|---|---|
| ပင်လောင်း | ၃ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၄ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၅ ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၆ ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၆ ဒီဂရီစင်တီဂရိတ် |

ခေတ်မီ၊ လှပ၊ စတိုင်ကျတဲ့ SMART. ဝမ်တ် ရှိုလာ ခြင်ဇကာ ကို တပ်ဆင်ပါ။

ခြင်ဇကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်။

သံချေးတက်ခြင်း၊ ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာ ဂလတ်(စ်) ခြင်ဇကာသား

ရန်ကုန် - 01 450 962, 09 431 44178, 09 79222 8860
မန္တလေး - 09 250 638 611, 09 798 797 917

ကားမှန် မှန်စပေါ့ နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့ မှန်ဒေါက်တာ

ရန်ကုန် 09 4211 51119, 09 4500 54449
မန္တလေး 09 250 638 611, 09 798 797 917

နဂါးနီ

Ph : 01 541 018, 09 79 656 9001, 09 79 656 9002

## ကြေးမုံစာတည်းရှုထောင့် ၁၁-၁၂-၂၀၁၅၊ သောကြာနေ့

# အများပြည်သူပိုင်ဆိုင်မှုကိုရယူ

ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးရာတွင် အရေးပါသောဆောင်ရွက်ချက်တစ်ခုဖြစ်သည့် စတော့ရှယ်ယာ ဈေးကွက်ကို မကြာသေးမီရက်ပိုင်းက စတင်ဖွင့်လှစ်လိုက်နိုင်သည်။ လွတ်လပ်ပွင့်လင်းသော ဈေးကွက်စီးပွားရေးစနစ်၏ မှတ်တိုင်သစ်တစ်ခုဖြစ်သော်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးသမိုင်းစာမျက်နှာတွင် ပထမဆုံးစတင်ဆောင်ရွက်ခြင်းဖြစ်၍ သတိပြုလုပ်ကိုင်သွားကြရမည်ဖြစ်သည်။

စတော့အိတ်ချိန်းကို စတင်ဖွင့်လှစ်လိုက်ပြီဆိုသော်လည်း ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကုန် သို့မဟုတ် မတ်လဆန်းပိုင်းရောက်မှသာ ငွေကြေးအရောင်းအဝယ် စတင်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ မြန်မာ့စီးပွားရေးသမိုင်းတွင် စတော့ရှယ်ယာဈေးကွက်သည် အလွန်နောက်ကျကျန်ရစ်ခဲ့ပြီးဖြစ်သည်။ နိုင်ငံတကာတွင် ရှေးနှစ်ပေါင်းများစွာကတည်းက လုပ်ကိုင်လျက်ရှိပြီး ထိုင်းနိုင်ငံတွင် ၁၉၇၅ ခုနှစ်၊ ဗီယက်နမ်နိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်ကတည်းက စတင်လုပ်ကိုင်ကာ စီးပွားရေးမောင်းနှင်အားကောင်းနေပြီ။

ထို့ကြောင့် စတော့ရှယ်ယာဈေးကွက်ကို လုပ်ကိုင်ပြီး အရှိန်ရနေသည့် နိုင်ငံများမှ စီးပွားရေးဆိုင်ရာ အားသာချက်များ၊ အားနည်းချက်များကို လေ့လာဆန်းစစ်ကာ မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်ကို အားကောင်းမောင်းသန်ဖြစ်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ လက်ရှိတွင် စီးပွားရေး ကုမ္ပဏီခြောက်ခုဖြင့် စတင်လုပ်ကိုင်ပြီး နောင်ဆက်လက်တိုးချဲ့သွားမည်ဟုသိရသည်။

စတော့ရှယ်ယာဆိုသည်မှာ မိမိပိုင်ဆိုင်သည့်ငွေကို မိမိကိုယ်ပိုင်လွတ်လပ်စွာ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သည်။ ဥပမာ မိမိတို့တွင် ငွေကြေးအရင်းအနှီးရှိခဲ့သော် မြေ၊ ရွှေနှင့် နိုင်ငံခြားငွေများ ရောင်းခြင်း၊ ဝယ်ခြင်းပြုကြသည်။ သို့သော် ထိုငွေကြေးအရင်းအနှီးများမှာ မိမိတို့အတွက် အာမခံချက်ရှိသောငွေကြေးအရင်းအနှီးများမဟုတ်ကြချေ။ ငွေကြေးအပြောင်းအလဲအလိုက် အရှုံး၊ အမြတ်အနည်းအများ ဖြစ်ပေါ်တတ်သည်။ ရွှေနှင့် မြေမှာ အရှုံးမရှိသဖြင့် ထိုအလုပ်ကို ပိုမိုလုပ်ကိုင်ကြသည်။

အမှန်တကယ်တွင် ထိုအလုပ်များမှာ သေချာသောအာမခံချက်မရှိချေ။ နိုင်ငံ့စီးပွားရေးကိုလည်း အထောက်အကူမပြုချေ။ ထိုစုဆောင်းငွေများမှာ တရားမဝင်သဘော၊ မှောင်ခိုသဘောသာဖြစ်သည်။ လက်ဝါးကြီးအုပ်ထားသူ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့ထံသို့သာ ငွေကြေးများစီးဝင်သွားသည်။ ထိုအချက်များကြောင့် တရားဝင်သော စတော့ရှယ်ယာဈေးကွက်ကိုထူထောင်သော်လည်း တရားမဝင်သော သဘောများ၊ မရိုးဖြောင့်သော သဘောများမရှိစေရန် သတိထားရခြင်းဖြစ်သည်။

စတော့ရှယ်ယာဈေးကွက်သည် အများပြည်သူပိုင်ဆိုင်သော ငွေကြေးများဖြင့် အများပိုင်ဆိုင်နိုင်ခြင်း စနစ်ကိုဖော်ဆောင်ခြင်းဖြစ်၍ ကောင်းမွန်သည်။ ပြည်သူတို့လက်ထဲမှ ငွေကြေးများသည် စတော့ဈေးကွက်မှတစ်ဆင့် စီးပွားရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန် အရင်းအနှီးအဖြစ်သို့ ရောက်ရှိသွားခြင်းဖြစ်သည်။ လုပ်ငန်းရှင်များကလည်း မိမိတို့လုပ်ငန်းတိုးချဲ့ရေးတွင် အရင်းအနှီး ပိုမိုရရှိရန်အတွက် မိမိတို့လုပ်ငန်းကို ခွဲဝေပိုင်းခြားရောင်းချခြင်းဖြစ်သည်။

စတော့ရှယ်ယာသို့ဝင်ရောက်ခြင်းအတွက် မိမိဝင်ရောက်သော လုပ်ငန်း၏ ပိုင်ဆိုင်မှုအစိတ်အပိုင်းတစ်ရပ် ဖြစ်လာသည်။ မိမိဝင်ရောက်မှုအလိုက် အကျိုးခံစားခွင့်အနည်းအများရရှိလာသည်။ တစ်ထောင်ပုံတစ်ပုံ၊ တစ်သန်းပုံတစ်ပုံရရှိသွားသည်။ မိမိဝယ်ယူထားသောလုပ်ငန်း အမြတ်အစွန်းထွက်လျှင်ထွက်သလောက်၊ ရှုံးလျှင် ရှုံးသလောက် အကျိုးရလဒ်ရရှိ ခံစားနိုင်သည်။

ထို့ကြောင့် အလုပ်အကိုင်ကောင်းသော၊ အုပ်ချုပ်စီမံမှုကောင်းသော ကုမ္ပဏီတို့ကို ဝယ်ယူမိမှသာလျှင် မိမိရှယ်ယာအတွက် အခြေအနေကောင်းနိုင်သည်။ အခြေအနေကောင်းမှ အမြတ်အစွန်းရမည်။ ရှယ်ယာဈေးနှုန်းများလည်း တက်လာနိုင်သည်။ ရှယ်ယာကို ကိုင်မထားချင်လျှင် အချိန်မရွေး ပြန်လည်ရောင်းချခြင်းဖြင့် အမြတ်ငွေရရှိနိုင်သည်။

ထို့ကြောင့် အစုရှယ်ယာဝင်မည့် အများပြည်သူတို့အနေဖြင့် စတော့ရှယ်ယာဈေးကွက်အကြောင်းကို နားလည်ထားရန် လိုအပ်သလို စီးပွားရေးလုပ်ငန်းများအကြောင်းကို လေ့လာထားရန်လည်းလိုအပ်ပါသည်။ ။

# Ford Driving Skills For Life အစီအစဉ်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်မောင်းနှင်မှုအား အခမဲ့သင်ကြား

**မန္တလေး ဒီဇင်ဘာ ၁၀**

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲနှင့် အမေရိကန်ပြည်ထောင်စု RMA Academyတို့ပူးပေါင်း၍ Ford Driving Skills For Life အစီအစဉ်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ယာဉ်မောင်းနှင်ခြင်းအခမဲ့သင်ကြားပို့ချခြင်းကို ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် မန္တလေးမြို့ ချမ်း မြသာစည်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဘေး ချမ်းမြသာစည်လေယာဉ်ကွင်း၌ သင်ကြားပို့ချခဲ့သည်။

အဆိုပါနေရာ၌ RMA Academy မှ ယာဉ်မောင်းသင်ကြားမှု တာဝန်ခံက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ယာဉ်မောင်းနှင်ခြင်း သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် ချမ်းမြသာစည်မြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးက ပြည်သူ့လွှတ်တော်မှ ပြဋ္ဌာန်းခဲ့သော မော်တော်ယာဉ်ဥပဒေသစ်အကြောင်းနှင့် မဆင်မခြင်မောင်းနှင်မှုကြောင့် ဖြစ်ပွားသော ယာဉ်မတော်တဆမှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခဲ့သည်။

ထို့နောက် RMA Academy မှ ယာဉ်မောင်းများက လုံခြုံစိတ်ချမောင်းနှင်နိုင်ရန် မော်တော်ယာဉ် တာယာ၊ ဘရိတ်၊ ဆီ၊ ရေ၊ လေစစ်ဆေးခြင်းများ၊ အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်ခြင်းနှင့် အမြန်နှုန်းကန့်သတ်ချက်၊ ယာဉ်မတော်တဆဖြစ်စေနိုင်သော အကြောင်းအရာများ၊ တောင်ဆင်းတောင်တက်များတွင် ထိန်းသိမ်းမောင်းနှင်ခြင်း၊ အရေးပေါ်အခြေအနေ ဖြေရှင်းခြင်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပြီး လေယာဉ်ပြေးလမ်းမပေါ်တွင် Ford ယာဉ်များဖြင့် မောင်းနှင်သင်ကြားပေးကာ သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၁၀**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၄၆၅၀၀ | - | ၇၄၇၅၀၀ |
| မန္တလေး(ရွှေဈေး) | ၇၄၆၀၀၀ | - | ၇၄၇၀၀၀ |

| စက်သုံးဆီဈေးနှုန်းရန်ကုန် | | မန္တလေး |
|---|---|---|
| (က) ဒီဇယ် တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၇၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၈၄၀/၉၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၇၂၀/၇၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၆၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၅၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၉. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၃၁. ၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၂. ၀၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆. ၁၀၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၀၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၄၃၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၆၈. ၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၀. ၅၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၁. ၃၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၇. ၆၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ကန့်ဘလူတွင် (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၄၀ ရာခိုင်နှုန်းပြီးစီး

**ကန့်ဘလူ ဒီဇင်ဘာ ၁၀**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံကိုပြီးခဲ့သည့် စက်တင်ဘာ ၂၇ ရက်က စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကာ လာမည့် ဇန်နဝါရီလကုန်တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းဆေးရုံကို ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းတွင်ဖွင့်လှစ်နိုင်တော့မည်ဖြစ်၍ ပြည်သူများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် ထိရောက်စွာစောင့်ရှောက် ပေးနိုင်ပြီး အတွင်းလူနာများ လက်ခံကုသပေးနိုင်တော့မည်ဖြစ်ကြောင်း တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းလတ်က ပြောသည်။

အဆိုပါ အာစီတစ်ထပ်(၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလကုန်အပြီး တည်ဆောက်သွားမည် ဖြစ်ကြောင်း တာဝန်ခံ အင်ဂျင်နီယာဦးအေးချမ်းထံမှ သိရသည်။

"ကျွန်မတို့ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို သတ်မှတ်ချိန်အမီပြီးစီးအောင် ဆောင်ရွက်နေပါတယ်။ မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့တွေနဲ့ စစ်ဆေးမှာဖြစ်ပါတယ်။ ၂၀၁၆ နှစ်ဆန်းပိုင်းလောက်တော့ ဖွင့်လှစ်နိုင်မှာပါ"ဟု မြို့နယ် တိုင်းရင်းဆေးမှူးက ပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



သင့်သွေးဖြင့်
အသက်ကယ်ပါ



ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝင်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိုင်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဖေယျာဝင်း(ဖိုးမှူး)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

# မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေး(၃/၂၀၁၅)ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union)အစည်းအဝေး(၃/၂၀၁၅)ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဒုတိယအကြိမ် လွှတ်တော်များကို ပြည်သူ့လွှတ်တော်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ အမျိုးသားလွှတ်တော်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအတွက် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများကလည်းကောင်း ခေါ်ယူကျင်းပပေးရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ပေါ်ပေါက်လာခြင်းသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယကအဖြစ် တာဝန်ယူစဉ် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှ အခြေခံခဲ့ပါကြောင်း။

နောင်လာမည့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင်ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ကို ဆက်လက်ဖွဲ့စည်းလုပ်ဆောင်မည်ဆိုပါက ယခုလုပ်ဆောင်နေသည့်ကိစ္စရပ်များကို ဆက်လက်လုပ်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် ပထမအကြိမ် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များတွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို ဆွေးနွေးပေးကြစေလိုပါကြောင်း၊ ဥပဒေအရ ပေးထားသည့် အခွင့်အရေးများကို ရရှိသည့် အနေအထားပေါ်တွင်မူတည်၍ မိမိတို့ အတတ်နိုင်ဆုံး လုပ်ဆောင်ခဲ့ကြပါကြောင်း၊ မလုပ်နိုင်ခဲ့သည့် လုပ်ငန်းများကို နောင်လွှတ်တော်များက ဆက်လက်လုပ်ဆောင်သွားစေလိုပါကြောင်း၊ လက်ရှိလွှတ်တော်များသက်တမ်းအတွင်း ကြုံတွေ့ခဲ့ရသည့်ကိစ္စရပ်များကို သုံးသပ်၍ သင်ခန်းစာဖော်ထုတ်ပြီး နောင်ကျင်းပမည့် လွှတ်တော်များကို ယခုထက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် စေတနာဖြင့် ယခုအစည်းအဝေးကိုကျင်းပခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ကို IPU အဖွဲ့ဝင်ဖြစ်ရန် ပေါ်ပေါက်ခဲ့သည့်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ လွှတ်လပ်ရေးရခါစက MPU ရှိခဲ့သော်လည်း ယခုပုံစံမျိုးမဟုတ်ပါကြောင်း၊ MPU သည် လွှတ်တော်အားလုံး၏ လွှတ်တော်အခွင့်အရေးကော်မတီများပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် အရေးကိစ္စကြုံလာပါက အားလုံးတွေ့ဆုံပြီး ဆုံးဖြတ်နိုင်ရန် ရည်ရွယ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများအနေဖြင့် မိမိတို့ဒေသ၌ ပထမဆုံး တာဝန်ယူခဲ့ရသူများဖြစ်ပါကြောင်း၊ နောင်လွှတ်တော်အတွက် ဆက်ခံမည့် ပုဂ္ဂိုလ်များကို စနစ်တကျတာဝန်လွှဲပြောင်းလုပ်ဆောင်သွားရန်နှင့် MPU အဖွဲ့မှတစ်ဆင့် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်သွားရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက (၂/၂၀၁၅)အစည်းအဝေး ဆုံးဖြတ်ချက်များအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များဖြစ်သည့်တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက လွှတ်တော်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးကာ နိဂုံးချုပ်ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# မြန်မာအစိုးရသည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် မီဒီယာကဏ္ဍအား အပြောင်းအလဲဖြစ်အောင်လုပ်ဆောင်ပြနိုင်ခဲ့

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာအစိုးရသည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် မီဒီယာကဏ္ဍအား အပြောင်းအလဲဖြစ်အောင် လုပ်ဆောင်ပြနိုင်ခဲ့ဟု အရှေ့တောင်အာရှဆိုင်ရာ မီဒီယာအကဲဖြတ်သုံးသပ်သူ Kavi Chongkittavorn က ချီးကျူးပြောဆိုသည်။

"New Dynamics in Myanmar Media" ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်တွင် ယနေ့နံနက် ၉ နာရီက ပြုလုပ်သည့် စတုတ္ထအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံတွင် Mr.Kavi Chongkittavorn က အဖွင့်အမှာစကားပြောကြားစဉ် ယင်းသို့ ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါညီလာခံ၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က အမှာစကား ပြောကြားရာတွင် တိုင်းရင်းသားဆိုင်ရာ မီဒီယာများအနေဖြင့် ပြည်တွင်း၌ ရေးသားဖြန့်ချိထုတ်ဝေနေကြသည်မှာ ၄၆ ခုအထိ ရှိနေကြပြီဖြစ်ကြောင်း၊ လာမည့် ၂၀၁၆ ခုနှစ် ဧပြီလတွင်စတင်မည့်ဘဏ္ဍာနှစ်၌ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားဘာသာစကားရှစ်မျိုးဖြင့် သတင်းစာထုတ်ဝေမည်ဖြစ်ကြောင်း၊ လေးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့်မီဒီယာပြုပြင်ပြောင်းလဲမှု၏ အကျိုးရလဒ်များအား ပြီးခဲ့သည့် နိုဝင်ဘာ ရွေးကောက်ပွဲ၌ မီဒီယာများ၏ ဆောင်ရွက်ခဲ့မှုအပေါ်တွင် တွေ့မြင်ရမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ မြန်မာသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင်နှင့် ဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဦးအောင်ရှင်နှင့် ယူနက်စကို မြန်မာရုံး၏ ဌာနေကိုယ်စားလှယ် Sardar Umar Alam တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အရှေ့တောင်အာရှဆိုင်ရာ မီဒီယာအကဲဖြတ်သုံးသပ်သူ Kavi Chongkittavorn က ယခုအချိန်သည် မြန်မာ့မီဒီယာ လောကအတွက် ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားရမည့်အချိန်ဖြစ်ကြောင်း၊ မြန်မာ့မီဒီယာများသည် ကြီးမားသောစိန်ခေါ်မှုများကို ကျော်လွှားလုပ်ဆောင်နိုင်ခဲ့ကြောင်း၊ အစိုးရသည် တိုင်းရင်းသားလူမျိုးစုဒေသများသို့ သတင်းအချက်အလက်များရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး မီဒီယာပြုပြင်ပြောင်းလဲမှုကို လေးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၅ အထွေထွေရွေးကောက်ပွဲအပြီး မြန်မာသတင်းမီဒီယာများ၏ အခန်းကဏ္ဍနှင့် ပတ်သက်ပြီး **“post media မှာ ကဏ္ဍ (၄) ခုရှိပါတယ်။ နံပါတ်(၁)က မြန်မာမီဒီယာတွေအနေနဲ့ ရွေးကောက်ပွဲပြီးတဲ့အခါမှာ တံတားတည်ဆောက်သူတွေလို တစ်ဆင့်ခြင်းလုပ်ဆောင်သွားဖို့နဲ့ မယုံကြည်မှုတွေ ပယ်ဖျောက်ထားဖို့ လိုပါတယ်။ နံပါတ် (၂)ကတော့ မီဒီယာတွေက ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေကို ထိန်းသိမ်းပေးထားပြီး ငြိမ်းချမ်းရေးအတွက် ဒီမိုကရေစီအတွက် အချိန်ကြာမယ်ဆိုတာကို ရှင်းပြပေးနိုင်ဖို့ လိုတယ်။ နံပါတ် (၃) အနေနဲ့ မြန်မာပြည်မှာ သတင်းရေးစရာတွေများတယ်။ ငြိမ်းချမ်းရေး၊ အကျင့်ပျက်ချစားမှု၊ အမျိုးသားရင်ကြားစေ့ရေးစတာတွေ အများကြီးရေးလို့ရနေပါတယ်။ ဂျာနယ်လစ်တွေအနေနဲ့ အမျိုးသားအဆင့်အတွက် အနာဂတ်အမြင်တွေ အစီအစဉ်တွေကို ရှာဖွေရေးသားဖို့ လိုအပ်မှာဖြစ်တယ်။ (၄) မီဒီယာတွေအနေနဲ့ ကိုယ့်ရဲ့ဆောင်ရွက်နိုင်တာကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ဖို့နဲ့ အနာဂတ်အစိုးရက မီဒီယာကို လေးစားလာအောင်၊ လွတ်လပ်မှုကို ပိုတည်ဆောက်နိုင်အောင်လုပ်ပြဖို့ လိုအပ်ပါတယ်”ဟု ကဏ္ဍလေးခုခွဲ၍ မြန်မာမီဒီယာအပေါ် ထောက်ပြအကြံပြုခဲ့သည်။**

စတုတ္ထအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ (ပထမနေ့)၌ ဒီမိုကရက်တစ်အသွင် ဖော်ဆောင်ပေါ်ထွန်းလာမည့် မီဒီယာ၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွင်း သတင်းမီဒီယာများ၏ လုပ်ဆောင်မှုများအား ပြန်လည်သုံးသပ်ခြင်း၊ ရုပ်သံမီဒီယာများ ကျယ်ပြန့်စွာပေါ်ထွန်းလာခြင်းကြောင့် ဖြစ်ထွန်းလာမည့် အခြေအနေသစ်များ၊ မြန်မာမီဒီယာနှင့် ကျား/မရေးရာ မြန်မာပြည်မှ ဖြစ်စဉ်များ၊ အရှိန်အဟုန်ပြင်းစွာ ပေါ်ထွန်းလာသော လူမှုကွန်ရက်မီဒီယာ အစရှိသည့် ကဏ္ဍ (၅) ခုအား ဆွေးနွေးခဲ့ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က “၂၀၁၂ ခုနှစ်ကနေစပြီး ၂၀၁၃ ခုနှစ်အထိ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပေါင်းပြီး မီဒီယာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေ လုပ်ခဲ့ပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းဆိုတာ ပုဂ္ဂလိက မီဒီယာတွေနဲ့ နိုင်ငံပိုင်မီဒီယာတွေမှာ စာနယ်ဇင်းဆိုင်ရာ အတတ်ပညာတွေ ပြည့်ဝဖို့ လုပ်တာရှိတယ်။ ကျင့်ဝတ်ပိုင်းဆိုင်ရာတွေရှိတယ်။ တိုင်းရင်းသားမီဒီယာတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ခဲ့တာရှိတယ်။ ဒါတွေဟာ လွန်ခဲ့တဲ့ သုံးနှစ်အတွင်း ကျွန်တော်တို့ လုပ်ခဲ့တာတွေကို ပြန်သုံးသပ်ပြီး နောက်လာမယ့် အစိုးရက နောင်ငါးနှစ်အတွင်း ဘာတွေလုပ်သင့်တယ်ဆိုတာကို ပြန်သုံးသပ်နိုင်မှာပါ။ ကျွန်တော်တို့က ပြန်ကြားရေးဝန်ကြီးအသစ်ကို တာဝန်လွှဲတဲ့အခါမှာ ဒီဟာတွေ ဆက်လုပ်ဖို့ရှိတယ်ဆိုတာကို ပြောခဲ့မှာပါ။ ကျွန်တော်တို့က MoU တွေကို အစိုးရသက်တမ်းနဲ့ ချိန်ညှိပြီး သုံးနှစ်နဲ့ လက်မှတ်ထိုးခဲ့တာတွေရှိတယ်။ ဒီလို နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ထားတဲ့ MoU တွေကို အစိုးရသစ်အနေနဲ့ သက်တမ်းတိုး/မတိုးကို ဆက်လက်စဉ်းစားရမှာပါ။ အရင်က ဒီညီလာခံကို စက်တင်ဘာလမှာ ကျင်းပခဲ့ပေမယ့် ဒီနှစ်မှာ နောင်ပေါ်ပေါက်လာမယ့် အစိုးရအနေနဲ့ နိုင်ငံတကာရဲ့ အမြင်တွေကို နားထောင်လို့ရအောင် အခုလို ဒီဇင်ဘာလမှာ ပြောင်းလဲကျင်းပခဲ့တာပါ” ဟု ပြောသည်။

စတုတ္ထအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ (ဒုတိယနေ့)ကို ဒီဇင်ဘာ ၁၁ ရက်တွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ ညီလာခံဒုတိယနေ့တွင် သတင်းအချက်အလက်ရယူသိရှိပိုင်ခွင့်မှ ပိုမိုကောင်းမွန်သော လူမှုအသိုက်အဝန်းဆီသို့၊ ရပ်ရွာအခြေပြု မီဒီယာများမှ ထွက်ပေါ်လာသည့် ရပ်ရွာလူထု၏အသံ၊ အားကောင်းသည့်မီဒီယာအသံများ လုံခြုံမှုရှိစေရန် ကာကွယ်ခြင်း၊ ဖြစ်ထွန်းလာမည့် တိုင်းရင်းသားမီဒီယာ အခင်းအကျင်းနှင့် စိန်ခေါ်မှုများနှင့် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်မှုများ၊ အတွေ့အကြုံနှင့် ရှေ့ဆက်မည့်လုပ်ငန်းစဉ်များ အစရှိသည့် ကဏ္ဍ (၁၀) ခုကို အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

တတိယအကြိမ် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်က “Moving towards a sustainable media environment” ခေါင်းစဉ်ဖြင့်ပြုလုပ်ခဲ့သည်။

**သတင်း- ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**
**ဓာတ်ပုံ-ဇော်မင်းလတ်**



# မူဆယ်မြို့သို့ မောင်းနှင်လာသော မတ်တူးအဖြူရောင်ယာဉ်ငယ်ပေါ်မှ ကျောက်စိမ်းများသိမ်းဆည်းရမိ

**နောင်ချို ဒီဇင်ဘာ ၁၀**

နောင်ချိုမြို့အဝင် တိုးဂိတ်အနီးတွင် လုပ်ငန်းများဆောင်ရွက်နေသော ဦးသိန်းဝင်း (ညွှန်ကြားရေးမှူး) ဦးစီးသော ဌာနပေါင်းစုံပူးပေါင်းစစ်ဆေးရေး၊ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး (Mobile Team)လရ (၁)သည် ဒီဇင်ဘာ ၈ ရက်က မန္တလေးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသော မက်တူးအဖြူရောင် 2C/----- ယာဉ်အား ရပ်တန့်စစ်ဆေးစဉ် ယာဉ်မောင်းမှာ ရုတ်တရက်ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ယာဉ်မောင်းထွက်ပြေးတိမ်းရှောင်သွားသည့် ယာဉ်အား ပူးပေါင်းစစ်ဆေးရေးအဖွဲ့တို့က စနစ်တကျ စစ်ဆေးရှာဖွေကြရာ ယာဉ်၏ကျောမှီထိုင်ခုံအတွင်းတွင်လည်းကောင်း၊ နောက်ခန်းကြမ်းပြင်အောက်တွင်လည်းကောင်း သို့ဝှက်သယ်ဆောင်လာပြီး တစ်ဖက်နိုင်ငံသို့ပို့ဆောင်မည့် ကျောက်စိမ်းတုံး၊ ကျောက်စိမ်းတုံးအခြမ်း အရွယ်မျိုးစုံ ၈၅ ကီလိုကို သိမ်းဆည်းရမိကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# မြောက်ကိုရီးယား၏အချုပ်အခြာအာဏာထိန်းသိမ်းရေး အဏုမြူဗုံးလက်နက်အသုံးပြုရန် အသင့်ရှိဟုဆို

**ပြုံယမ်း ဒီဇင်ဘာ ၁၀**

ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ (DPRK) သည် နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နိုင်ငံ၏ဂုဏ်သိက္ခာထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မည်ဆိုပါက အဏုမြူဗုံးနှင့် ဟိုက်ဒရိုဂျင်ဗုံးတို့ကို ဖောက်ခွဲရန် အသင့်အနေအထားရှိနေကြောင်း ခေါင်းဆောင်ကင်ဂျုံအန်၏ ပြောကြားချက်ကို ကိုးကားပြီး အစိုးရပိုင် ကေစီအင်န်အေသတင်းဌာနက ဒီဇင်ဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံရှိ ပြန်လည်မွမ်းမံပြင်ဆင်ထားသော တော်လှန်ရေးနယ်မြေတစ်ခုသို့ သွားရောက်စစ်ဆေးစဉ် ကင်ဂျုံအန်က အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက မြောက်ကိုရီးယားနိုင်ငံအပေါ် ကျင့်သုံးသော ရန်လိုသည့်မူဝါဒကြောင့် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်ရေးကို လုပ်ဆောင်ရမည့်အကျိုးဆက်ဖြစ်ပေါ်လာခဲ့ရသည်ဟု မြောက်ကိုရီးယားအစိုးရက ပြောကြားသည်။ **ဆင်ဟွာ။**





# ကမ္ဘာတစ်ဝန်း ပဋိပက္ခများအဆုံးသတ်စေရန် ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပရန်လိုအပ်ဟု နိုဗယ်လ်ဆုရှင်များ တိုက်တွန်း

**အော်စလို ဒီဇင်ဘာ ၁၀**

ယခုနှစ်ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင်များက ဆီးရီးယားနိုင်ငံအပါအဝင် ကမ္ဘာအရပ်ရပ်၌ ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများ အဆုံးသတ်စေရန် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကျင်းပပြီး အဖြေရှာရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ် ငြိမ်းချမ်းရေးနိုဗယ်လ်ဆုချီးမြှင့်ခြင်းခံရသော တူနီးရှားအမျိုးသား ကာတက်အဖွဲ့အစည်းမှ တာဝန်ရှိသူများက ဒီဇင်ဘာ ၉ ရက်တွင် နော်ဝေနိုင်ငံ အော်စလိုမြို့၌ မီဒီယာများနှင့် တွေ့ဆုံစဉ် အထက်ပါအတိုင်း တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် အာရပ်နွေဦးတော်လှန်ရေးကာလပြီးနောက် တူနီးရှားနိုင်ငံတွင် ဒီမိုကရေစီလမ်းကြောင်း သွေဖည်သွားမည်ကို စိုးရိမ်သည့်အနေဖြင့် တူနီးရှားအမျိုးသား ကာတက်အဖွဲ့အစည်းက ဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် နော်ဝေနိုင်ငံ နိုဗယ်လ်ဆုချီးမြှင့်ရေးကော်မတီက ကာတက်အဖွဲ့ကို ဆုချီးမြှင့်ရန်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

တူနီးရှားအမျိုးသားကာတက်အဖွဲ့တွင် အလုပ်သမားသမဂ္ဂများ၊ ရှေ့နေများအပါအဝင် စီးပွားရေးအဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားသည့်အဖွဲ့များဟူ၍ အဓိကအဖွဲ့အစည်းလေးဖွဲ့ဖြင့် ဖွဲ့စည်းထားသည်။

"အပြန်အလှန်ဆွေးနွေးပွဲများကသာ အခက်အခဲတွေကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်"ဟု ကာတက်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ပဋိပက္ခတွေကို လူသတ်လက်နက်တွေနဲ့ ဖြေရှင်းလို့မရနိုင်ပါ။ ဆီးရီးယားနဲ့ လစ်ဗျားနိုင်ငံတို့အတွက် အကောင်းဆုံးနည်းလမ်းမှာ အပြန်အလှန်ဆွေးနွေးပွဲကျင်းပနိုင်ဖို့သာဖြစ်တယ်"ဟု နောက်ထပ်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

# ပြည်ပမှလာရောက်နေထိုင်သူများအတွက် လူနေမှုကုန်ကျစရိတ်အမြင့်ဆုံး အာရှမြို့တော်များစာရင်း၌ တရုတ်နိုင်ငံမှ မြို့များအများဆုံးပါဝင်

**စင်ကာပူ ဒီဇင်ဘာ ၁၀**

ယွမ်ငွေကြေးမှာ ပြိုင်ဘက်ငွေကြေးများထက် ပိုမိုပြီး ခိုင်မာမှုရှိသောကြောင့် တရုတ်နိုင်ငံရှိ မြို့တော်များမှာ ပြည်ပမှလာရောက်နေထိုင်သူများအတွက် အာရှ-ပစိဖိတ်ဒေသရှိ ကုန်ကျစရိတ်အမြင့်ဆုံးမြို့တော် ၂၀ စာရင်းတွင် ထိပ်ဆုံးမှလွှမ်းမိုးထားကြောင်း ECA International က ပြုလုပ်သည့် လူနေမှုကုန်ကျစရိတ် လေ့လာမှုတစ်ရပ်က ပြသနေသည်။

ဟောင်ကောင်အပါအဝင် တရုတ်နိုင်ငံမှမြို့တော်များသည် လူနေမှုကုန်ကျစရိတ်အမြင့်ဆုံး အာရှမြို့တော် ၂၀ စာရင်းတွင် နံပါတ် ၁၁ အထိ နေရာယူထားကြောင်း လန်ဒန်အခြေစိုက် အဆိုပါအတိုင်ပင်ခံကုမ္ပဏီကဆိုသည်။ ရှန်ဟိုင်းမြို့မှာ ၂၀၁၄ ခုနှစ်တွင် တတိယနေရာရှိရာမှ ယခုနှစ်တွင် အာရှတိုက်၏ လူနေမှုကုန်ကျစရိတ်အမြင့်ဆုံးမြို့တော်အဖြစ် ခုန်တက်လာခဲ့သည်။ "ပြီးခဲ့တဲ့ နွေရာသီမှာ ဒေါ်လာငွေကြေးထက် ယွမ်ငွေကြေးက တန်ဖိုးအနည်းငယ် ကျဆင်းခဲ့ပေမယ့် အခြားငွေကြေးတွေထက် ခိုင်မာအားကောင်းလို့ ရှန်ဟိုင်းမြို့က နိုင်ငံတကာက လာရောက်နေထိုင်သူတွေအတွက် လူနေမှုကုန်ကျစရိတ်အမြင့်ဆုံးအာရှမြို့တော်ဖြစ်လာခဲ့တာပါ" ဟု ECA International ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး လီကွိန်းက ပြောကြားသည်။

တရုတ်နိုင်ငံရှိ အဓိကကျသောမြို့တော်များမှာ အနာဂတ်ကာလအထိ ပြည်ပမှ လာရောက်နေထိုင်သူများအတွက် လူနေမှုကုန်ကျစရိတ်အမြင့်ဆုံးနေရာများအဖြစ် ဆက်လက်ရပ်တည်နေဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ တရုတ်နိုင်ငံရှိမြို့တော်များမှာ ပြည်ပမှလာရောက်နေထိုင်သူများအတွက် ကမ္ဘာ့နေထိုင်မှုကုန်ကျစရိတ် အမြင့်ဆုံးမြို့တော် ၃၀ စာရင်းတွင်လည်း အများဆုံးပါဝင်နေပြီး ယင်းတို့အနက် မြို့တော်ခြောက်ခုက ဆွစ်ဇာလန်နှင့် ဂျပန်နိုင်ငံများရှိမြို့တော်များကို ကျော်ဖြတ်လိုက်ခြင်းဖြစ်သည်။ လေ့လာမှုတွင်ပါဝင်သည့် တရုတ်နိုင်ငံမှ မြို့တော်များဖြစ်သည့် ပေကျင်း(အဆင့်-၂)၊ ကွမ်ကျိုး(အဆင့်-၆) နှင့် အဆင့်(၇)ရှိ ရှန်ဇန်းမြို့တို့မှာ အဆင့်(၄)၊ အဆင့်(၁၃)နှင့် အဆင့်(၂၂)မှ ခုန်တက်လာခြင်းဖြစ်သည်။ မကာအိုမြို့တော်မှာ အကြီးမားဆုံးအဆင့်ခုန်တက်လာသည့် မြို့တော်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်က အဆင့်(၃၄)မှ အဆင့်(၁၃)နေရာသို့ ရောက်ရှိလာခြင်းဖြစ်သည်။ **ရိုက်တာ။**

# စင်ကာပူ၌ အမေရိကန်ထောက်လှမ်းရေး လေယာဉ်ဖြန့်ကြက်မှု တရုတ်စစ်ဘက်က လေ့လာစောင့်ကြည့်နေဟုဆို

**ပေကျင်း ဒီဇင်ဘာ ၁၀**

စင်ကာပူနိုင်ငံ၌ သူလျှိုလေယာဉ်ဖြန့်ကြက်ရေးအတွက် ယင်းနိုင်ငံနှင့် အမေရိကန်တို့သဘောတူညီချက်တစ်ရပ်ရရှိခဲ့ခြင်းနှင့်ပတ်သက်၍ တရုတ်စစ်ဘက်က အာရုံစိုက်ကာလေ့လာစောင့်ကြည့်နေကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၀ ရက်တွင် ပြောကြားသည်။

သက်ဆိုင်ရာနိုင်ငံများအနေဖြင့် ကာကွယ်ရေးဆိုင်ရာသဘောတူညီမှုများ ရယူရာတွင် ဒေသဆိုင်ရာငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိရေးကို ဦးတည်သင့်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သောကြေညာချက်တစ်ရပ်တွင်ဖော်ပြသည်။

စင်ကာပူနိုင်ငံ၌ အမေရိကန် ပီ-၈ ပိုဆေးဒွန် အမျိုးအစား ထောက်လှမ်းရေးလေယာဉ်ဖြန့်ကြက်ရန် ယင်းနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ သဘောတူညီချက်ရရှိခဲ့သည်ဆို၏။

တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် တောင်တရုတ်ပင်လယ်တွင်း ပိုင်နက်နယ်မြေအငြင်းပွားမှုများဖြစ်ပွားနေသော ကျွန်းများအရေးနှင့်ပတ်သက်၍ တင်းမာမှုများဖြစ်ပွားခဲ့သည့် နိုင်ငံများဖြစ်ကြသည်။

စင်ကာပူနိုင်ငံနှင့်ရရှိသော ယင်းသဘောတူညီချက်သည် ဒေသတွင်း၌ စစ်ရေးလှုပ်ရှားမှု ပြုလုပ်ရန်ရည်ရွယ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

စင်ကာပူနိုင်ငံ၌ ဒီဇင်ဘာ ၇ ရက်မှ ၁၄ ရက်အထိ ထောက်လှမ်းရေးလေယာဉ်ဖြန့်ကြက်ခြင်းကို မိမိတို့ ကြိုဆိုကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာနှင့် စင်ကာပူကာကွယ်ရေးဝန်ကြီးငွအန်းဟန်တို့ ဝါရှင်တန်၌ ဒီဇင်ဘာ ၇ ရက်က တွေ့ဆုံဆွေးနွေးပြီးနောက် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

စင်ကာပူနိုင်ငံ၌ နောက်ထပ်လေယာဉ်ဖြန့်ကြက်မှုများ ပြုလုပ်နိုင်မည်ဟု မျှော်လင့်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ရိုက်တာ။**

# အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိသူဦးရေ အရှေ့အာရှဒေသရှိနိုင်ငံများ၌ ကျဆင်းလာမည်ဟု ခန့်မှန်း

**ပေကျင်း ဒီဇင်ဘာ ၁၀**

အရှေ့အာရှဒေသရှိ နိုင်ငံများ၌ အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်ရှိသူဦးရေသည် ၂၀၄၀ ပြည့်နှစ်ထက်နောက်မကျဘဲ ၁၅ ရာခိုင်နှုန်းအထိ လျော့နည်းသွားနိုင်ကြောင်း၊ ယင်းနိုင်ငံများ၌ သက်ကြီးဦးရေ တရိပ်ရိပ်တိုးလာနေမှုကြောင့် စီးပွားရေးတိုးတက်မှုနှုန်းကို ထိခိုက်လာနိုင်ပြီး အစိုးရအဖွဲ့အနေဖြင့် လူမှုဖူလုံရေးအသုံးစရိတ်များကို တိုးမြှင့်သုံးစွဲလာရနိုင်ကြောင်း ကမ္ဘာ့ဘဏ်ကထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

အရှေ့အာရှဒေသသည် ကမ္ဘာ့အခြားမည်သည့်ဒေသနှင့်မဆို နှိုင်းယှဉ်ပါက သက်ကြီးရွယ်အိုဦးရေ တိုးပွားမှုအများဆုံး ဒေသအဖြစ် ရပ်တည်လာရမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာပေါ်ရှိ အသက်(၆၅)နှစ်နှင့်အထက် သက်ကြီးဦးရေ ၂၁၁ သန်းအနက် ၃၆ ရာခိုင်နှုန်းသည် အရှေ့အာရှဒေသ၌ နေထိုင်သူများ ဖြစ်ကြသည်။ ယင်းမှာ ကမ္ဘာပေါ်ရှိ အခြားသော မည်သည့်ဒေသနှင့်မဆို နှိုင်းယှဉ်ကြည့်လျှင် သက်ကြီးရွယ်အိုအများဆုံးနေထိုင်ရာဒေသဖြစ်သည်ဟု လေ့လာတွေ့ရှိရသည်။

သားသမီးမွေးဖွားနှုန်း လျင်မြန်စွာကျဆင်းလာခြင်း၊ အသက်(၆၀)ကျော် အသက်အရွယ်အပိုင်းအခြားရှိသူများ၏ မျှော်မှန်းနိုင်သော ဘဝသက်တမ်းတိုးတက်လာခြင်းတို့ကြောင့် အရှေ့အာရှဒေသ၌ သက်ကြီးရွယ်အိုဦးရေ အဆမတန်များပြားလာမည်ဟု ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းကြသည်။



တရုတ်နိုင်ငံသည် သက်ကြီးရွယ်အိုဦးရေများပြားလာမှုကြောင့် စီးပွားရေးတိုးတက်နှုန်းအပေါ် ထိခိုက်မှုမရှိစေရန်ရည်ရွယ်လျက် အိမ်ထောင်ရှင် ဇနီးမောင်နှံစုံတွဲတစ်တွဲအနေဖြင့် ကလေးတစ်ဦးသာရယူရေး စည်းမျဉ်းကို အဆုံးသတ်ကာ ကလေးနှစ်ဦးအထိ ရယူခွင့်ပြုရန် အောက်တိုဘာလတွင် မူဝါဒပြင်ဆင်ပြောင်းလဲခဲ့သည်။ **ရိုက်တာ။**

# ကျွန်းစု၌ ပင်လယ်ပြင်ခရီးသွားလုပ်ငန်းဆောင်ရွက်ရန် မြေ ၄၉ ဧက လျှောက်ထား

**ကျွန်းစု ဒီဇင်ဘာ ၁၀**

ကျွန်းစုမြို့နယ်သည် ကျွန်းပေါင်း ၂၀၀ ကျော်ခန့် ဖြင့်တည်ရှိသော မြို့တစ်မြို့ဖြစ်သည့် အားလျော်စွာ နိုင်ငံခြားသားများ၊ ခရီးသွားဧည့်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များက ပင်လယ်ပြင်အပန်းဖြေခရီးသွားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် အထူးစိတ်ဝင်စားလျက်ရှိရာ ကျွန်းစုမြို့နယ် ရေမြစ်ကြီးကျေးရွာအုပ်စုရှိ Thoe Hnit Tan Island (ဒေသအခေါ်) သဲနက်တန်းကျွန်းပေါ်တွင် ပင်လယ်ပြင်အပန်းဖြေခရီးသွားလုပ်ငန်း စီမံကိန်းကြီးကို ဆောင်ရွက်ရန်အတွက် Yoma Myanmar Co.,Ltd. မှ လိုအပ်သောမြေဧရိယာ ၄၉ ဧကအား လျှောက်ထားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီက သဲနက်တန်းပင်လယ်ပြင်အပန်းဖြေခရီးသွားလုပ်ငန်းစီမံကိန်းကို ခွင့်ပြုချက်ရရှိပါက ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် မြန်မာကျပ်ငွေ သိန်းငါးထောင် မတည်ရင်းနှီးမြှုပ်နှံကာ ငါးနှစ်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ရှိကြောင်း ကုမ္ပဏီ ဒါရိုက်တာ ဦးသန်းဇော်က ပြောသည်။ သဲနက်တန်းကျွန်းသည် ရေမြစ်ကြီးကျေးရွာအုပ်စုရှိ ဒုန်းပုလဲအော်၊ ဒုန်းညောင်မှိုင်းကျေးရွာအနီးတွင် တည်ရှိ၍ မြိတ်မြို့မှ ရေမိုင် ၅၀ ကျော်ခန့်နှင့် ကျွန်းစုမြို့မှ ရေမိုင် ၄၄ မိုင်ကျော်ခန့်ကွာဝေးသော ကျွန်းတစ်ကျွန်း ဖြစ်သည်။

သဲနက်တန်းကျွန်းကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင်နှင့် ဒေသခံပြည်သူများ၏ သဘောထားများ၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးကို ကျွန်းစုမြို့နယ်ရှိ သက်ဆိုင်ရာဌာနများကလည်း ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရန်နိုင်(မြန်/ဆက်)**



# စတော့အိတ်ချိန်း အကျိုးတူပူးပေါင်းဆောင်ရွက်ရန် မိတ်ဆက်ရှင်းလင်း

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်လိုက်သည့် ရန်ကုန်စတော့အိတ်ချိန်းတွင် မြန်မာနှင့် ထိုင်းတို့ အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည့် KTZ Ruby Hill Securities Co., Ltd .၏ လုပ်ငန်းစဉ်များ မိတ်ဆက်ပွဲကို ဒီဇင်ဘာ ၈ရက် ညပိုင်းက မရမ်းကုန်းမြို့နယ်ရှိ ဦးထွန်းငြိမ်းလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက အဖွင့်အမှာစကားပြောကြားပြီး Loi Hein Group and KTZRH ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက အမှာစကားပြောကြားသည်။ ယင်းနောက် ထိုင်းနိုင်ငံမှ KTZ mico Securities Co., Ltd. CEO Mr.Khun Chaipatr Srivisarvacha က အမှာစကားပြောကြားပြီး ကုမ္ပဏီ၏လုပ်ငန်းစဉ်များအား ပရိုဂျက်တာဖြင့် ပြသသည်။ ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Pisanu Suvanjata က အမှာစကားပြောကြားပြီး Loi Hein Group and KTZRH ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက အမှတ်တရလက်ဆောင် ပေးအပ်သည်။**(အောက်ပုံ)**

ရန်ကုန် စတော့အိတ်ချိန်းကို ဒီဇင်ဘာ ၉ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံသားများအတွက် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။ ရန်ကုန်စတော့အိတ်ချိန်းကို ကုမ္ပဏီအများစုဖြင့် စတင်မည်ဖြစ်ပြီး KTZRH ကုမ္ပဏီလည်း အပါအဝင်ဖြစ်သည်။ "စတော့အိတ်ချိန်းဆိုတာ နိုင်ငံတကာမှာ လုပ်ကိုင်နေတာကြာပြီဖြစ်ပြီး မြန်မာနိုင်ငံမှာတော့ အခုမှလုပ်ဆောင်ရမှာပါ။ နိုင်ငံတကာမှာ စတော့အိတ်ချိန်းမရှိတာ နိုင်ငံအနည်းငယ်ပဲ ရှိပါတော့တယ်။ ကျွန်တော်တို့အနေနဲ့လည်း နိုင်ငံသူ နိုင်ငံသား အကျိုးရှိစေဖို့ ထိုင်းကုမ္ပဏီနဲ့ ပူးပေါင်းဆောင်ရွက်မှာပါ။ ကျွန်တော်တို့က စတော့အိတ်ချိန်းနဲ့ ပတ်သက်ပြီးတော့ အတွေ့အကြုံ မရှိသေးတာကြောင့် လောလောဆယ်တော့ ငွေကြေးစိုက်ထုတ်ပြီး လုပ်ဆောင်မှာပါ။ သူတို့ဆီက လုပ်ပုံကိုင်ပုံ၊ နည်းလမ်းတွေကို လေ့လာသွားမှာပါ။ ဒီမှာက စတော့အိတ်ချိန်းနဲ့ ပတ်သက်ပြီးသိရှိသေးတာနည်းသေးတဲ့အတွက် အသေးစိတ်ကအစ ရှင်းပြသွားမှာပါ။ နိုင်ငံအတွက် ကောင်းမွန်တဲ့ လက္ခဏာဖြစ်ပြီး စီးပွားရေးအခြေအနေလည်း ပို၍တိုးတက်လာနိုင်ပါတယ်" ဟု Loi Hein Group and KTZRH ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက ရှင်းလင်းပြောကြားခဲ့သည်။ **(ဖိုးသော်ဇင်)**




# လွှတ်လပ်ရေးနေ့အကြို တံတားများဖွင့်လှစ်

**ပုသိမ် ဒီဇင်ဘာ ၁၀**

(၆၈)ကြိမ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့နယ် သလပ်ခွာကျေးရွာအုပ်စု လေးမျက်နှာကျေးရွာသို့ ဆက်သွယ်သော အလျားပေ ၂၀၀၊ အနံ ၁၂ ပေရှိသံကူကွန်ကရစ် "လေးမျက်နှာ" တံတားဖွင့်ပွဲ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်သည် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းအောင်တို့နှင့်အတူ ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက သွားရောက်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါတံတားအား ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၅၀၆ ဒသမ ၀၂ သိန်း၊ အလှူရှင် ဗိုလ်မှူးဇော်သိန်းဦး(ငြိမ်း)က ငွေကျပ် ၃၁၈ သိန်း စုစုပေါင်း ငွေကျပ် ၈၂၄ ဒသမ ၂ သိန်းဖြင့် ဆောင်ရွက်ခဲ့ပြီး တံတားချဉ်းကပ်လမ်းအား လွှတ်တော်ရန်ပုံငွေ ကျပ် ၂၅ သိန်းနှင့် ဒေသခံပြည်သူများက ငွေကျပ်သိန်း ၄၀ စုစုပေါင်း ငွေကျပ် ၆၅ သိန်းဖြင့် ဆောင်ရွက်ခဲ့ကာ ကျေးရွာအုပ်စုပ် လေးအုပ်စု၊ ကျေးရွာပေါင်း ၁၇ ရွာရှိ အိမ်ခြေ ၁၈၄၅ အိမ်မှ လူဦးရေ ၈၀၉၀ တို့အား အကျိုးပြုနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သလပ်ခွာကျေးရွာအုပ်စု သလပ်ခွာကျေးရွာနှင့် ကြက်တူရွေးကျေးရွာအုပ်စု ကြက်တူရွေးကျေးရွာသို့ဆက်သွယ်သော အလျား ၁၂၅ ပေ၊ အနံ ၁၂ ပေရှိ သံကူကွန်ကရစ် "မေတ္တာပေါင်းကူးတံတား" ကို ဖွင့်ပေးခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**



# လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့်စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင် မင်္ဂလာကျင်းပ

**လားရှိုး ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ယနေ့ နံနက် ၇ နာရီခွဲခန့်က ရပ်ကွက်(၁)၌ရှိသော ရန်တိုင်းအောင်ဆုတောင်းပြည့်စေတီတော် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အထွတ်တင်မင်္ဂလာအခမ်းအနား ကျင်းပရာ လားရှိုးမြို့ ဗောဓာရုံကျောင်း နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်အား ရည်မှန်း၍ စိန်ဖူးတော်၊ သာသနာ့အောင်လံနှင့် လှူဖွယ်ပစ္စည်းတို့ကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို လှည့်လည်အပူဇော်ခံကာ နံနက် ၉ နာရီ ၁၅ မိနစ်တွင် စေတီတော်အား ဒေဝါဝင်း၊ ရာဇာဝင်းတို့ဖြင့် လက်ဝဲလက်ယာခြံရံကာ လက်ယာရစ်လှည့်လည်အပူဇော်ခံပြီး မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြသည်။

ထို့နောက် ဗုဒ္ဓါဘိသေက အနေကဇာတင်ရန် ဆရာတော်များထံ ထီး၊ တံခွန်ကုက္ကားတို့အား ဆက်ကပ်ကာ ဆရာတော်များက ထီး၊ တံခွန်၊ ကုက္ကားများကိုင်ဆောင်လျက် ဗုဒ္ဓါဘိသေကအနေကဇာတင်အပြီး ဗုဒ္ဓသာသန်စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကြကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

# ရွှေပြည်သာစက်မှုဇုန်(၂) နှမ်းအခွံချွတ်စက်ရုံ မီးလောင်မှုဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာစက်မှုဇုန်(၂) ဦးဖိုးလှိုင်လမ်းနှင့် ဗန်းမော်အတွင်းဝန်လမ်း ခြံအမှတ်(၇၆)၊ (၈၀) အဝန်းအဝိုင်းရှိ စိန်ဆန်း *AGRO* ကုမ္ပဏီလီမိတက်ပိုင် နှမ်းအခွံချွတ်စက်ရုံတွင် ဒီဇင်ဘာ ၁၀ ရက် ညနေ ၃ နာရီခွဲက ဘွိုင်လာစက်ထဲသို့ အပူခံဆီထည့်သွင်းစဉ် လျှံကျခဲ့ရာမှ လောင်စာတောင့်အပူပေးသည့် မီးဖိုထဲကျရောက်ခဲ့ခြင်းကြောင့် မီးလောင်မှုဖြစ်ခဲ့ရသည်။

မီးလောင်မှုကြောင့် စက်ရုံခေါင်မိုး၌ အလင်းပြန်ရန် တပ်ဆင်ထားသော ပလတ်စတစ်သွပ်များ လောင်ကျွမ်းခဲ့ပြီး စက်ပစ္စည်းများထိခိုက်မှုမရှိစေရန် ရွှေပြည်သာ၊ အင်းစိန်နှင့် လှိုင်သာယာမှ မီးသတ်ယာဉ်များက မီးငြိမ်းသတ်ပေးခဲ့ရသည်။ ၁၅ မိနစ်ခန့်သာ မီးလောင်ခဲ့ပြီး ဘွိုင်လာစက်ကို အဆက်မပြတ်ရေလောင်းငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ စက်ရုံတာဝန်ခံ ကိုညီထွေးက "ဒီဘွိုင်လာစက်က အပူချိန် ၃၀၀ ဒီဂရီစင်တီဂရိတ်အထိ မီးထိုးလို့ရတဲ့အင်ဂျင်ပါ။ ဘွိုင်လာထဲထည့်တဲ့ အပူခံဆီက လျှံကျတာမှာ မီးပေးတဲ့လောင်စာတောင့်ထဲ ဖိတ်စဉ်ကျလို့လောင်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။ **ကိုမိုး(ရွှေပြည်သာ)**



# ဤခရီးနီးသလား?

**မောင်ငိုကာ**

**ခရီးအစ**

၂၀၁၁ ခုနှစ် လက်ရှိအစိုးရ စတင်တာဝန်ယူတဲ့အချိန်က မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်လုပ်ကိုင်ဖို့အတွက် ရှုပ်ထွေးတဲ့ လုပ်ထုံးလုပ်နည်းတွေ၊ နားလည်ရခက်တဲ့ ကန့်သတ်ချက်တွေကို ဖြတ်သန်းရတဲ့ အခြေအနေနဲ့ စတင်ခဲ့တာပါ။ တချို့လုပ်ထုံးလုပ်နည်းတွေ၊ ကန့်သတ်ချက်တွေဟာ ဥပဒေပြင်ပကို ရောက်ရှိနေခဲ့တာလည်း ဖြစ်ပါတယ်။ ကုမ္ပဏီတစ်ခုထူထောင်ဖို့ နာမည်ရွေးတာကစပြီး အင်္ဂလိပ်လို အတိုကောက်စာလုံးသုံးခွင့်မပေးတာ၊ အင်္ဂလိပ်နာမည် မှည့်လိုက်မိရင် မရမက မြန်မာလိုဘာသာပြန်ရတာ၊ ကိုယ်ပေးချင်တဲ့ နာမည်အတည်ပြုချက်ရဖို့ ၇ ရက်မှ ၁၀ ရက်အထိ အချိန်ပေးရတာတွေဟာ ကုမ္ပဏီတည်ထောင်လိုတဲ့ လုပ်ငန်းရှင် ပထမဆုံးရင်ဆိုင်ရတဲ့ စိတ်ပျက်ဖွယ် ကန့်သတ်ချက်တွေပါပဲ။

ကုမ္ပဏီတွေကိုလည်း ရောင်းဝယ်ရေးလုပ်ငန်း၊ စက်မှုလက်မှုနဲ့ ထုတ်လုပ်မှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကျောက်မျက်လုပ်ငန်း၊ ဘဏ်လုပ်ငန်းစသည်ဖြင့် အမျိုးအစားတွေခွဲပြီး မတူတဲ့လုပ်ငန်း ထပ်လုပ်ချင်ရင် နောက်ထပ်ကုမ္ပဏီ ထပ်ထောင်ရတာတွေ၊ အမျိုးအစားတစ်ခုတည်းမှာတောင်မှ လုပ်ငန်းရည်ရွယ်ချက်ငါးမျိုးအထိသာ လုပ်ခွင့်ပေးပြီး လုပ်ငန်းရည်ရွယ်ချက် ထပ်တိုးချင်ရင် နောက်ထပ်ကုမ္ပဏီထပ်ထောင်ရတာတွေ၊ လုပ်ငန်းရှင်တစ်ယောက် ကုမ္ပဏီတစ်ခုခုမှာ ဒါရိုက်တာအဖြစ်ပါနေရင် လုပ်ငန်းတူအခြားကုမ္ပဏီမှာ ဒါရိုက်တာလုပ်ခွင့်မပြုတာတွေ စသည်ဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေမှာ မပါတာတွေကို လုပ်ထုံးလုပ်နည်းတွေနဲ့ ကန့်သတ်ထားခဲ့ပြန်ပါတယ်။

ပိုဆိုးတာက ကုမ္ပဏီထောင်လိုတဲ့ နိုင်ငံသားတွေရဲ့ နောက်ကြောင်းရာဇဝင် အခြေအနေတွေကို ပြည်ထဲရေးဝန်ကြီးဌာနက စိစစ်ပြီးမှသာ ကုမ္ပဏီထောင်ခွင့်ပေးခဲ့တဲ့ အခြေအနေပါ။ အံ့သြစရာကောင်းတာက မြန်မာနိုင်ငံမှာ ကုမ္ပဏီထောင်ချင်တဲ့ နိုင်ငံခြားသားကတော့ အလားတူ စိစစ်တာ မခံခဲ့ရပါဘူး။ ဒါ့အပြင် ကုမ္ပဏီတစ်ခု ထူထောင်ရင် ကုမ္ပဏီအမျိုးအစားအပေါ်မူတည်ပြီး အနည်းဆုံးမတည်ငွေရင်းကို လုပ်ငန်းအမျိုးအစားအပေါ် မူတည်ပြီး ကျပ် ငါးသန်းကနေ ၁၅ သန်းအထိ သတ်မှတ်ထားတဲ့အတွက် ငွေပင်ငွေရင်းနည်းတဲ့ လုပ်ငန်းရှင်လေးတွေ ကုမ္ပဏီမထောင်နိုင်တော့ဘဲ ပုံမှန်မဟုတ်တဲ့ စီးပွားရေးနယ်ပယ်ထဲကို ရောက်သွားခဲ့တာပါပဲ။

ကုမ္ပဏီတစ်ခု မှတ်ပုံတင်ဖို့ လုပ်ငန်းအဆင့်တွေက လိုအပ်တာထက် အဆမတန်ပိုမိုများပြားနေခဲ့ပြီး အချိန်ကလည်း သုံးလကနေ ခြောက်လလောက်အထိ ကြာမြင့်ပြန်ပါတယ်။ ဒီခရီးအစရဲ့ ရလဒ်ကတော့ ကမ္ဘာ့ဘဏ်က ၂၀၁၃ ခုနှစ်အတွင်း နိုင်ငံပေါင်း ၁၈၉ နိုင်ငံကို အကဲဖြတ်ပြီး ၂၀၁၄ ခုနှစ်မှာ ထုတ်ပြန်တဲ့ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာမှာ မြန်မာနိုင်ငံကို အဆင့် ၁၈၂ ကို ရောက်အောင် တွန်းပို့လိုက်ကာ ပိုဆိုးတာက စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း (Starting a Business)မှာ မြန်မာနိုင်ငံဟာ အဆင့် ၁၈၉ နဲ့ နောက်ဆုံးနိုင်ငံဖြစ်ခဲ့ရပါတယ်။

ကမ္ဘာ့ဘဏ်အနေနဲ့ နိုင်ငံအသီးသီးရဲ့ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာမှာ လွယ်ကူချောမွေ့မှုအခြေအနေကို အောက်ပါအချက်ကြီး (၁၀)ချက်နဲ့ အကဲဖြတ်ခဲ့တာပါ-

(က) စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း (Starting a Business)၊
(ခ) အဆောက်အအုံဆောက်လုပ်ခွင့် ရရှိရေးဆောင်ရွက်ခြင်း (Dealing with Construction Permits)၊
(ဂ) လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေ (Getting Electricity)၊
(ဃ) ပိုင်ဆိုင်မှုများ မှတ်ပုံတင်ခြင်း (Registering Property)၊
(င) ငွေကြေး အထောက်အပံ့ရရှိခြင်း (Getting Credit)၊
(စ) ရင်းနှီးမြှုပ်နှံမှု အနည်းငယ်သာ ဆောင်ရွက်နိုင်သူများကို ကာကွယ်ခြင်း (Protecting Minorraty Investors)၊
(ဆ) အခွန်ပေးဆောင်ခြင်း (Paying Tax)၊
(ဇ) စာချုပ်စာတမ်းများ အသက်ဝင်မှုရှိခြင်း (Enforcing Contracts)၊
(ဈ) ပြည်ပကူးသန်းရောင်းဝယ်မှု အခြေအနေ (Trading across Borders)၊
(ည) စီးပွားရေးလုပ်ငန်းစာရင်း ရှင်းလင်းဆောင်ရွက်နိုင်ခြင်း (Resolving Insolvency)။

**သမင်လည်ပြန်**

အစခရီးမကောင်းခဲ့တဲ့အခြေအနေကို ပကတိအတိုင်း လက်ခံပြီး လက်ရှိအစိုးရက တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲမှုတွေဆောင်ရွက်ခဲ့တဲ့ ၄ နှစ်ခွဲတာကာလကို သမင်လည်ပြန်ကြည့်လိုက်ရင် စီးပွားရေးလုပ်ငန်း ထူထောင်ဖို့ ဖြစ်ပေါ်နေတဲ့အခက်အခဲတွေ တစ်ခုပြီးတစ်ခု စဉ်ဆက်မပြတ် ကျော်လွှားဖြေရှင်းပေးခဲ့တဲ့ မြင်ကွင်းတစ်ရပ်ကို တွေ့ရမှာပါ။

ယနေ့အချိန်မှာ ကုမ္ပဏီတစ်ခုထူထောင်ဖို့ လုပ်ငန်းအမျိုးအစား ကန့်သတ်တာတွေ၊ လုပ်ငန်းရည်ရွယ်ချက် ကန့်သတ်တာတွေ၊ ဒါရိုက်တာလုပ်ပိုင်ခွင့် ကန့်သတ်တာတွေ၊ အနည်းဆုံးမတည်ငွေရင်း လိုအပ်ချက်တွေ၊ ဒါရိုက်တာတွေကို နောက်ကြောင်းရာဇဝင် စုံစမ်းတာတွေ လုံးဝဖယ်ရှားပေးလိုက်ပြီး လွယ်ကူသက်သာတဲ့ ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းအဖြစ်ကို ရောက်ရှိစေခဲ့ပါတယ်။ ရလဒ်ကတော့ ကုမ္ပဏီတစ်ခု မှတ်ပုံတင်ဖို့ ကုမ္ပဏီမှတ်ပုံတင်ရုံးရဲ့ အလုပ်လုပ်ရက် ၃ ရက်သာ ကြာမြင့်တော့တဲ့ အခြေအနေဖြစ်ခဲ့ပြီး ကုမ္ပဏီမှတ်ပုံတင်မှု အနေအထားဟာ ၂၀၁၀-၂၀၁၁ မှာ ၂၇၀၄ ခု၊ ၂၀၁၁-၂၀၁၂ မှာ ၄၅၉၂ ခု၊ ၂၀၁၂-၂၀၁၃ မှာ ၅၅၆၆ ခု၊ ၂၀၁၃-၂၀၁၄ မှာ ၆၁၀၄ ခု၊ ၂၀၁၄-၂၀၁၅ မှာ ၆၃၂၀ နဲ့ ယခုနှစ် ၂၀၁၅-၂၀၁၆ အောက်တိုဘာလကုန်အထိ ခုနစ်လတာကာလအတွင်း ၄၂၄၄ ခုရှိခဲ့ပြီး တစ်နှစ်ပြီးတစ်နှစ် မှတ်ပုံတင်အရေအတွက် တိုးတက်လာခဲ့တာ တွေ့ရပါတယ်။ ၂၀၁၀-၂၀၁၁ အခြေအနေနဲ့ နှိုင်းယှဉ်လိုက်ရင် ၂၀၁၄-၂၀၁၅ ခုနှစ်မှာ အရေအတွက် နှစ်ဆခွဲလောက် တက်လာခဲ့ပါတယ်။

အစမကောင်းခဲ့ပေမယ့် ကမ္ဘာ့ဘဏ်ရဲ့ ၂၀၁၆ ခုနှစ်အတွက် အစီရင်ခံစာမှာတော့ မြန်မာနိုင်ငံဟာ အဆင့် ၁၆၇ ကို ရောက်လာခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၂၀၁၄ ခုနှစ်မှာ အဆင့် ၁၈၂၊ ၂၀၁၅ ခုနှစ်မှာ အဆင့် ၁၇၇ ဖြစ်ခဲ့တဲ့အတွက် ၃ နှစ်အတွင်း အဆင့် ၁၅ ဆင့် တိုးတက်မှုရရှိခဲ့တာပါ။ အဆင့်တိုးတက်မှုကို အခြားအာဆီယံနိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် ဒီလိုတွေ့ရပါတယ် -

| စဉ် | နိုင်ငံ | ၂၀၁၄ | ၂၀၁၆ | တက်/ကျ |
|---|---|---|---|---|
| (က) | စင်ကာပူ | ၁ | ၁ | - |
| (ခ) | မလေးရှား | ၆ | ၁၈ | ၁၂ ဆင့်ကျ |
| (ဂ) | ထိုင်း | ၁၈ | ၄၉ | ၃၁ ဆင့်ကျ |
| (ဃ) | ဘရူနိုင်း | ၅၉ | ၈၄ | ၂၅ ဆင့်ကျ |
| (င) | ဗီယက်နမ် | ၉၉ | ၉၀ | ၁၀ ဆင့်တက် |
| (စ) | ဖိလစ်ပိုင် | ၁၀၈ | ၁၀၃ | ၅ ဆင့်တက် |
| (ဆ) | အင်ဒိုနီးရှား | ၁၂၀ | ၁၀၉ | ၁၁ ဆင့်တက် |
| (ဇ) | ကမ္ဘောဒီးယား | ၁၃၇ | ၁၂၇ | ၁၀ ဆင့်တက် |
| (ဈ) | လာအို | ၁၅၉ | ၁၃၄ | ၂၅ ဆင့်တက် |
| (ည) | မြန်မာ | ၁၈၂ | ၁၆၇ | ၁၅ ဆင့်တက် |

၂၀၁၆ ခုနှစ် အစီရင်ခံစာအရ ကမ္ဘာ့ဘဏ်က အကဲဖြတ်တဲ့အချက်ကြီး ၁၀ ချက်မှာ တစ်ချက်ချင်းအလိုက် မြန်မာနိုင်ငံက အောက်ပါအတိုင်း အဆင့်တွေရခဲ့ပါတယ်-

(က) စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း (Starting a Business) ၁၆၀
(ခ) အဆောက်အအုံဆောက်လုပ်ခွင့် ရရှိရေးဆောင်ရွက်ခြင်း (Dealing with Construction Permits) ၇၄
(ဂ) လျှပ်စစ်ဓာတ်အား ရရှိမှုအခြေအနေ (Getting Electricity) ၁၄၈
(ဃ) ပိုင်ဆိုင်မှုများ မှတ်ပုံတင်ခြင်း (Registering Property) ၁၄၅
(င) ချေးငွေအထောက်အပံ့ရရှိခြင်း (Getting Credit) ၁၇၄
(စ) ရင်းနှီးမြှုပ်နှံမှု အနည်းငယ်သာ ဆောင်ရွက်နိုင်သူများကို ကာကွယ်ခြင်း (Protecting Minorraty Investors) ၁၈၄
(ဆ) အခွန်ပေးဆောင်ခြင်း (Paying Tax) ၈၄
(ဇ) စာချုပ်စာတမ်းများ အသက်ဝင်မှုရှိခြင်း (Enforcing Contracts) ၁၈၇
(ဈ) ပြည်ပကူးသန်းရောင်းဝယ်မှု အခြေအနေ (Trading across Borders) ၁၄၀
(ည) စီးပွားရေးလုပ်ငန်း စာရင်းရှင်းလင်းဆောင်ရွက်နိုင်ခြင်း (Resolving Insolvency) ၁၆၂

ထူးခြားတာက ၂၀၁၆ အစီရင်ခံစာမှာ “စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း (Starting a Business)”နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ ၂၀၁၅ အစီရင်ခံစာအထိ အဆင့် ၁၈၉ ဖြစ်ခဲ့ရာမှ ၂၀၁၆ အစီရင်ခံစာမှာ ၁၆၀ အထိ တိုးတက်လာခဲ့ပြီး အဆင့် ၂၉ ဆင့် တိုးတက်ခဲ့တဲ့အတွက် “အတိုးတက်ဆုံးနိုင်ငံ (the most improved country)” အဖြစ် ကမ္ဘာ့ဘဏ်က အသိအမှတ်ပြုခဲ့တာပါ။

**ရှေ့ခရီးစဉ်**

လေးနှစ်ခွဲတာကာလအတွင်း အရေးအကြီးဆုံး ဆောင်ရွက်နိုင်ခဲ့တာတစ်ခုကတော့ နှစ်တစ်ရာကျော် သက်တမ်းရှိနေပြီဖြစ်တဲ့ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေကို ပိုမိုခေတ်မီတဲ့၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် အခြေအနေကောင်းတွေ ထည့်သွင်းပေးထားတဲ့၊ အများပြည်သူရဲ့ အကြံဉာဏ်တွေ ရယူစုစည်းထားတဲ့ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (Myanmar Companies Law) အဖြစ် ပြင်ဆင်ပြဋ္ဌာန်းဖို့ မူကြမ်းရေးဆွဲပြီးစီးခဲ့ခြင်းပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများအတွက် ကျောရိုးသဖွယ်အရေးကြီးတဲ့ ကုမ္ပဏီများဥပဒေ ပြဋ္ဌာန်းပြီးသွားခဲ့ရင် မြန်မာနိုင်ငံစီးပွားရေး လုပ်ငန်းနယ်ပယ်မှာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပိုမိုအားကောင်းလာတဲ့အခြေအနေ ရောက်ရှိလာမှာဖြစ်တဲ့အပြင် အသေးစား၊ အလတ်စား လုပ်ငန်းလေးတွေလည်း ပိုမိုပြီး လုပ်သာကိုင်သာ ရှိလာတော့မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ဖို့ ကောင်းမွန်တဲ့နိုင်ငံတစ်ခုအဖြစ်ရောက်ရှိအောင် ဖန်တီးရာမှာ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ကိုင်ခဲ့ပြီး လုပ်ကိုင်နေဆဲဖြစ်သလို ရှေ့ဆက်ရမယ့်ခရီးမှာ လုပ်စရာတွေလည်း အများကြီးရှိနေပါသေးတယ်။ အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရင် မြန်မာနိုင်ငံရဲ့အနာဂတ်ဟာ လှပနေမှာပါ။ ။

## လယ်ဝေးမြို့နယ်၌ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

**လယ်ဝေး ဒီဇင်ဘာ ၁၀**

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၉ ရက်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးလှမျိုးထွန်းနှင့် ဝန်ထမ်းများက မိုးပွင့်အထူးအပိုင်း(၂)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သော အသက် (၁၀) နှစ်ပြည့် ကျောင်းသားကျောင်းသူ ၅၃ ဦးအား နေပြည်တော်ကောင်စီနယ်မြေ တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးချိုထွန်း၊ ဒက္ခိဏခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြတ်စိုးနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

“အခုလို သက်ဆိုင်ရာကအခြေခံပညာကျောင်းကို ကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကို One Stop Service စနစ်နဲ့ နေ့ချင်းပြီး ဆောင်ရွက်ပေးတဲ့အတွက် ကျောင်းသား ကျောင်းသူတွေရဲ့ အဓိက ဘဝတိုက်ပွဲဖြစ်တဲ့တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုဖို့ အခက်အခဲမရှိတော့တဲ့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိတာဟာ ကျောင်းသားကျောင်းသူတွေရဲ့ မိဘတွေကိုယ်စား ထိပေါက်သလိုခံစားရပါတယ်”ဟု အထက(၂) ကျောင်းအုပ်ကြီးက ပြောကြားသည်။

**ကိုကိုရှုပ(နေပြည်တော်)**

ဥတုရာသီ တောကိုမီ၏။

## လူမှုဖူလုံရေးဥပဒေအရ အမြဲတမ်းမသန်စွမ်းမှုအတွက် ငွေလုံးငွေရင်းခွင့်ပြုငွေပေးအပ်

**ပဲခူး ဒီဇင်ဘာ ၁၀**

လူမှုဖူလုံရေးဥပဒေအရ အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့်အတွက် ငွေလုံးငွေရင်းခွင့်ပြုငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီက ပဲခူးမြို့ မြို့နယ်လူမှုဖူလုံရေးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် JV သစ်တောဖက်စပ်ဌာနမှ အာမခံအလုပ်သမား ဦးဖိုးချို၏ အကျိုးခံစားခွင့် ကျပ် ၁၀၇၃၀၀ ကို တိုင်းဒေသကြီးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ကိုကိုကလည်းကောင်း၊ ချင်စုအထပ်သားစက်ရုံမှ အာမခံအလုပ်သမား မောင်အောင်ထိုက်၏ အကျိုးခံစားခွင့် ကျပ် ၆၆၁၅၀၀ ကို ဇိုင်း/တောင်ဆေးခန်းတာဝန်ခံ ဒေါက်တာဝင့်ဝါမြင့်ကလည်းကောင်း၊ ချင်စုအထပ်သားစက်ရုံမှ အာမခံအလုပ်သမား ဒေါ်ယုယုခိုင်၏ အကျိုးခံစားခွင့် ကျပ် ၁၃၂၃၀၀ ကို ဒုတိယဦးစီးမှူး ဒေါ်ဇာခြည်ခိုင်ကလည်းကောင်း အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ရှင်းလင်းပြောကြား

**မြိတ် ဒီဇင်ဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ကျွန်းရတနာ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၉ ရက်က ပုံမှန်အစည်းအဝေးကျင်းပသည်။

ယင်းအခမ်းအနားတွင် မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ မြိတ်ခရိုင် ခရိုင်ဒုတိယရဲမှူးကြီးတင်ထွန်းက မြိတ်မြို့တွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် ပေါများလာသည်နှင့်အမျှ ယာဉ်တိုက်မှုအန္တရာယ်များလည်း ပိုမိုကြီးထွားလာသည်ကို တွေ့ရှိရကြောင်း၊ မြိတ်မြို့တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် နိုင်ငံတော်မှချမှတ်ထားသည့် ဥပဒေနှင့်အညီ စီးနင်းကြရန်နှင့် ယာဉ်လိုင်စင်၊ အမောင်းလိုင်စင် မရှိသူများကို တရားဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

(၂၇၆)

ပြည်တွင်းရေးရာ

# ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များအားလုံး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ် အသစ်ဝင်လာမည့် လွှတ်တော်ကိုယ်စားလှယ်များကို ယခုလွှတ်တော်သက်တမ်းမပြီးဆုံးမီ ခေါ်ယူရမည်



**နေပြည်တော် ဒီဇင်ဘာ ၁၀**

ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယခုအစည်းအဝေးသည် ဒုတိယအကြိမ် လွှတ်တော်အသီးသီး ကျင်းပရေးအတွက် ပြုလုပ်သည့် အစည်းအဝေးဖြစ်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်အပါအဝင် လွှတ်တော်များအားလုံး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် လွှတ်တော်များကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ခေါ်ယူရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသည်လည်း ထိုနည်းအတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်သက်တမ်းတွင် ကိုယ်စားလှယ်အများစု ပါရှိမည်ဖြစ်ကြောင်း၊ ယခုလွှတ်တော်သက်တမ်းကဲ့သို့ ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရေးအတွက် ကြိုတင်စီမံထားရန်လိုကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကြိုတင်၍ အမိန့်ပြန်တမ်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ အသစ်ဝင်လာမည့် လွှတ်တော်ကိုယ်စားလှယ်များကို ယခုလွှတ်တော်သက်တမ်းမပြီးဆုံးမီခေါ်ယူရမည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များလုံခြုံရေး၊ သွားလာရေး၊ တည်းခိုရေး၊ စားသောက်ရေးပါမကျန် ပြည့်ပြည့်စုံစုံစီမံသွားရန်လိုကြောင်း၊ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင် စနစ်တကျလုံခြုံစွာ ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိတာဝန်ရှိသူများတွင် တာဝန်ရှိပါကြောင်း၊ လွှတ်တော်၏ဂုဏ်သိက္ခာ၊ နိုင်ငံ၏ဂုဏ်သိက္ခာမြင့်မားရေးအတွက် တာဝန်ရှိသူများအနေဖြင့် မြင့်မြတ်သည့်စိတ်ထားဖြင့် လုပ်ဆောင်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က လွှတ်တော်တစ်ခုပြီးတစ်ခု အောင်မြင်မှုရရှိရန်အတွက် ရှေ့ကတာဝန်ယူသွားသူများတွင် တာဝန်ရှိပါကြောင်း၊ ပထမအကြိမ် လွှတ်တော်များအတွက် ယခင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက စီစဉ်ပြင်ဆင်ပေးခဲ့ပါကြောင်း၊ ရွေးကောက်ပွဲတွင် မည်သူပင်နိုင်သည်ဖြစ်စေ မြန်မာနိုင်ငံရေးလောက၌ လွှတ်တော်ခိုင်မာရေးအတွက် ဝိုင်းဝန်းပြင်ဆင်ပေးရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်များခိုင်မာသည်ထက်ခိုင်မာအောင် ကောင်းသည်ထက်ကောင်းအောင် မိမိတို့နိုင်ငံကမ္ဘာ့အလယ်၌ ဂုဏ်သိက္ခာမြင့်မားအောင် ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၁၅ ခုနှစ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူးက ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အထွေထွေဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ရေနက်ပိုင်းရေနံရှာဖွေရေးအစမ်းတွင်း ရွှေရည်ထွန်းတွင်းအမှတ်(၁) လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများသည် ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် A-6 ၏ ရေနက်ပိုင်း ရေနံရှာဖွေရေးအစမ်းတွင်း ရွှေရည်ထွန်းတွင်းအမှတ်(၁)အား တူးဖော်နေသည့် Deepwater Millennium တွင်းတူးသင်္ဘောအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တွင်းတူးသင်္ဘောအစည်းအဝေးခန်းမ၌ Woodside Energy မှ Vice President Exploration for Australia & Asia မှ Mr. Mark Thompson၊ တွင်းတူးဖော်ရေးတာဝန်ခံမန်နေဂျာ Mr. Chris Wise နှင့် တာဝန်ရှိသူများက တွင်းတူးဖော်မည့်အစီအစဉ်နှင့် လက်ရှိတူးဖော်နေမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တွင်းတူးသင်္ဘောပေါ်ရှိ တာဝန်ရှိသူများက ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များအား တွင်းတူးဖော်မှုလုပ်ငန်းများဆောင်ရွက်နေသည့် လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် ဒုတိယဝန်ကြီးမှ ကုမ္ပဏီများမှတာဝန်ရှိသူများ၊ တွင်းတူးသင်္ဘောပေါ်ရှိ ပညာရှင်များနှင့်ဝန်ထမ်းများအား အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် သစ်သီးခြင်းလက်ဆောင်များ အသီးသီးပေးအပ်သည်။

ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 ၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ MPRL E & P၊ Woodside Energy နှင့် Total E & P တို့မှ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခုတူးဖော်သော ရွှေရည်ထွန်းတွင်းအမှတ်(၁)သည် ရခိုင်ကမ်းလွန်ပင်လယ်တွင် ရေအနက် ၂၀၃၃ မီတာနေရာ၌ တူးဖော်နေခြင်းဖြစ်သည်။ တွင်းတူးစင်ပေါ်မှ အောက်အနက် မီတာ ၅၀၀၀ ကျော်အထိ ဆက်လက်တူးဖော်သွားမည်ဖြစ်ပြီး Pliocene သက်တမ်းရှိ သဲကျောက်လွှာများအတွင်း ခိုအောင်းနေသော ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ရှာဖွေလေ့လာသွားမည့် မြန်မာနိုင်ငံတွင် ပထမဆုံးတူးဖော်သည့် ရေနက်တွင်း(Ultra-deep Water Exploration Well) ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့် လွှတ်တော်ကော်မတီအစီရင်ခံစာနှစ်ခုကို ဖတ်ကြားဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့အဖြစ် ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ **ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာ**နှင့် လွှတ်တော်ကော်မတီအစီရင်ခံစာနှစ်ခုကို ဖတ်ကြားဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ **ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်းက ထောက်ခံဆွေးနွေးပြီး လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ **ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူရာလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**



**မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း။**



# ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၇၅၀ ကို ဆက်လက်ရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ပြသရောင်းချပွဲကို ဒီဇင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၃ ရက်ထိ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိရာ ပြပွဲကျင်းပရက်တိုင်း ကြည့်ရှုလေ့လာသူများ၊ တင်ဒါတင်သွင်းသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၁၇၅၁) မှ (၃၅၀၀) အထိ အတွဲပေါင်း ၁၇၅၀ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပြီးခဲ့သည့် ဒီဇင်ဘာ ၉ ရက်က စုစုပေါင်း ငွေကျပ်သန်း ၁၆၉၀ ကျော်တန်ဖိုးရှိသည့် မြန်မာ့ကျောက်မျက်ရိုင်း ၇၅ တွဲ ရောင်းချခဲ့ရကြောင်း သိရသည်။

အလားတူ ကျောက်စိမ်းအတွဲပေါင်း ၁၇၅၀ကို ဒီဇင်ဘာ ၁၂ ရက်တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၁၅၇၆ တွဲကို ဒီဇင်ဘာ ၁၃ ရက်တွင်လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

### ❒ မြန်မာနိုင်ငံ၏ ပထမဦးဆုံးမှ

ဒေသဆိုင်ရာယူနက်စကိုသိပ္ပံဗျူရိုအဖွဲ့ ညွှန်ကြားရေးမှူး ဒေါက်တာ ရှဘတ်ခန်နှင့် ယူနက်စကို မြန်မာရုံးအဖွဲ့မှူး မစ္စတာဆာဒါအိုမာအလန်နှင့်အတူ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တက္ကသိုလ်ကောလိပ်များမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍ၊ အင်န်ဂျီအို၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဒေသခံများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲတွင် ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က အင်းလေးကန်အား ယူနက်စကိုဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်လိုက်ခြင်းသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်ကိုက်ညီသော ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုအပေါ် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ နော်ဝေသံအမတ်ကြီးကလည်း ဤကဲ့သို့ ဇီဝအဝန်းနယ်မြေသတ်မှတ်နိုင်ခဲ့သော သမိုင်းဝင်အောင်မြင်မှုအတွက် အင်းလေးဒေသခံများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးကို ဂုဏ်ပြုပြောကြားခဲ့ပြီး ပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အဆင့်ဆင့်သော ပေါင်းစပ်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း ပြောကြားသည်။

ထို့အပြင် ဒေါက်တာရှဘတ်ခန်က အင်းလေးကန် ဇီဝအဝန်းနယ်မြေကို ယူနက်စကိုအဖွဲ့ဝင် ၁၉၅ နိုင်ငံက ထောက်ခံအသိအမှတ်ပြုခဲ့ကြောင်း၊ အားလုံးပါဝင်သည့် စီမံခန့်ခွဲမှုမူဘောင်မှတစ်ဆင့် ပညာရေးနှင့်သုတေသန ဆောင်ရွက်ချက်များနှင့်အတူ အင်းလေးကန်ကို ပြုပြင်ထိန်းသိမ်းရန်လိုအပ်ကြောင်း သို့မှသာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

၁၉၇၁ ခုနှစ်က တည်ထောင်ခဲ့သော ယူနက်စကို၏ လူသားနှင့် ဇီဝအဝန်းနယ်မြေများဆိုင်ရာ အစီအစဉ်သည် သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်များကို ထိန်းသိမ်းရန် လူမှုရေးနှင့်ယဉ်ကျေးမှုအရ ဆီလျော်ပြီး ပတ်ဝန်းကျင်အရ ရေရှည်တည်တံ့သောစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများကို မြှင့်တင်ရန်ဖြစ်သည်။

ထိုအစီအစဉ်အရ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၂၀ မှ ဇီဝအဝန်းနယ်မြေ ၆၅၁ ခု ပေါ်ပေါက်ခဲ့ပြီးဖြစ်ရာ ၎င်းတွင် အင်းလေးကန်လည်းတစ်ခု အပါအဝင်ဖြစ်သည်။

အင်းလေးကန်အား ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်လိုက်ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနှင့် ဒေသခံများအတွက် စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို၍ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သည်။



ဓာတ်ပုံ - ယူနက်စကိုမြန်မာ

ထို့အတူ အင်းလေးကန်ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရာတွင် အော်ဂင်းနစ်စိုက်ပျိုးရေး၊ အင်းလေးကန်ကို အချိန်မှန်မှန်တူးဖော်ခြင်း၊ ထိရောက်သော စီမံခန့်ခွဲမှုပြုခြင်း၊ စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှု၊ ကန်အတွင်းရှိ တည်တံ့ခိုင်မြဲသော တံငါလုပ်ငန်းနှင့် ပို့ဆောင်ရေးလုပ်ငန်းများ အစရှိသည့်စီမံအုပ်ချုပ်မှု လုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်ရန်လိုအပ်ကြောင်း ဖွင့်ပွဲတွင်တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

### ❖ မဲဇလီ(၂)မှ

မဲဇလီ(၂) ရေထိန်းတံခါးတည်ဆောက်ရခြင်း၏ရည်ရွယ်ချက်မှာ တူးဖော်ပြီးစီးသွားသည့် ပန်းလှိုင်မြစ်အား သဲ၊ နုန်းမပို့ချစေရန်အတွက် လည်းကောင်း၊ ညောင်းတုန်းကျွန်းမှ စီးဆင်းလာမည့် မြစ်ရေများကြောင့် အနီးအနားရှိ ကျေးရွာများ ရေမနစ်မြုပ်စေရေးအတွက် ရေဘေးကာကွယ်ခြင်းဖြင့်လည်းကောင်း၊ မိုးစပါးအပြင် နွေရာသီကာလ၌ ပန်းလှိုင်မြစ်အားရေချိုများ ထိန်းသိမ်းပြီး မြစ်ကြောင်းတစ်လျှောက် ဝဲ၊ ယာရှိ ကျေးရွာများမှ ပြည်သူများနွေစပါးစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းစေရန်အတွက်လည်းကောင်း တည်ဆောက်ခြင်းဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးငြိမ်းက "ဒီမဲဇလီ(၂) ရေထိန်းတံခါးတည်ဆောက်ပြီးစီးသွားပြီဆိုရင် အနီးအနားရွာတွေက တောင်သူတွေသီးနှံအထွက်တိုးလာပါလိမ့်မယ်။ ပြီးတော့တောင်သူတွေရဲ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှာပါ။ ရေထိန်းတံခါးအပေါ်မှာလည်း တံတားပါတဲ့အတွက်ကြောင့် ကျေးရွာတွေက ပြည်သူတွေဟာ တစ်ရွာနဲ့တစ်ရွာကူးသန်းသွားလာရာမှာလည်း လွယ်ကူသွားပါလိမ့်မယ်"ဟုရှင်းပြသည်။

မဲဇလီ(၂) ရေထိန်းတံခါးတည်ဆောက်ပြီးစီးပါက မိုးတွင်းကာလရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် ရေထိန်းတံခါးဖြင့် ထိန်းသိမ်းပေးသွားမည်ဖြစ်ပြီး နွေရာသီစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေးအတွက် ဒီဇင်ဘာလမှ မေလထိကို ကျေးရွာများရေရရှိရေးဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် ရေထိန်းတံခါးတည်ဆောက်လိုက်ခြင်းကြောင့် ရေဘေးကာကွယ်သည့် လယ်ဧက ၁ သိန်း ၂ သောင်းရှိလာမည်ဖြစ်ပြီး အနီးအနားကျေးရွာပေါင်း ၂၀ ကျော်မှ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်နေကြသော တောင်သူဦးကြီးများ၏ လယ်ဧက ၄၀၀၀၀ ကျော်အား ရေပေးဝေနိုင်တော့မည်ဖြစ်သည်။

လက်ရှိအနေအထားအရ ပန်းလှိုင်မြစ်ပေါ်ရှိ ရေထိန်းတံခါး ကိုးခုအား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း၊ မဲဇလီ(၁) ရေထိန်းတံခါးကိုလည်း ၁၉၈၂ ခုနှစ်က စတင်တည်ဆောက်ခဲ့ကြောင်း၊ ပန်းလှိုင်မြစ်နှင့် လှိုင်မြစ်ဆုံရာနေရာ အထက်ပိုင်းနေရာ၌လည်း လက်ရှိတည်ဆောက်နေသည့် မဲဇလီ(၂) ရေထိန်းတံခါးထက် ပိုမိုကြီးမားသော ရေထိန်းတံခါးကြီးတစ်ခုအား နယ်သာလန်နိုင်ငံမှ နည်းပညာဖြင့် တည်ဆောက်ရန်စီစဉ်ထားကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေထိန်းတံခါးအကြီး၊ အသေး စုစုပေါင်း ၁၂၃ ခုရှိပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေထိန်းတံခါးအကြီး၊ အသေး စုစုပေါင်း ၁၈၉ ခုရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

### ✪ကမ်းနားလမ်းမှ

ဘူတာ လေးဘူတာ၊ ငါးဘူတာခန့်ရှိမည်ဟု လျာထားကြောင်း သိရသည်။

လျှပ်စစ်ရထား စီမံကိန်းကို စရိတ်ကုန်သက်သာပြီး ထိရောက်သော သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လျာထားပြီး ပထမအဆင့်အနေဖြင့် ဝါးတန်းလမ်းမှ ပန်းဆိုးတန်း၊ ဒုတိယအဆင့်အနေဖြင့် ပန်းဆိုးတန်းမှ လင်းစဒေါင်း၊ တတိယအဆင့်အနေဖြင့် လင်းစဒေါင်းမှ ပုဇွန်တောင်၊ အလားတူ ဝါးတန်းလမ်းမှ ကြည့်မြင်တိုင်အထိ ချိတ်ဆက်သွားမည်ဖြစ်ပြီး မြို့ပတ်ရထားလမ်းကွန်ရက်အတိုင်း ချိတ်ဆက်ကာ နောက်ပိုင်းတွင် မြို့ပတ်ရထားခရီးစဉ်များကိုလည်း အဆင့်မြှင့်တင်သွားနိုင်ရန် စီမံကိန်းလျာထားကြောင်း သိရသည်။

"အခုအချိန်မှာ လေဆိပ်တွေလည်း အဆင့်မြှင့်တင်နေတာ တွေ့ရတယ်။ ကားလမ်းခရီးဆိုရင်လည်း နောက်ဆုံးပေါ် အဆင့်မြှင့်ဘတ်စ်တွေ အပြိုင်အဆိုင်သုံးလာကြပြီ။ ရထားကဏ္ဍက နောက်ကျခဲ့တယ်ဆိုရမယ်။ ဒါပေမယ့် အခုဆိုရင် ရထားတွဲတွေ တော်တော်သန့်သွားတယ်။ တွဲသစ်တွေဖြစ်လာတယ်။ စည်းကမ်းမဲ့စီးတာတွေတော့ ရှိနေတယ်။ ဘူတာအချို့လည်း သန့်ရှင်းမှုအားနည်းနေသေးတယ်။ အခုက ကားလမ်းတအားပိတ်တော့ ရထားကို အလယ်အလတ် လူတန်းစားတွေပါ အားထားစီးလာပြီ။ အများပြည်သူ သယ်ယူပို့ဆောင်ရေးက လူအားလုံး အားထားစီးနိုင်အောင် လုပ်ရတာဆိုပေမယ့် မြန်မာနိုင်ငံက နောက်ကျကျန်ခဲ့တော့ အခုအနေအထားက ပြောင်းလဲလာပြီဆိုရမယ်။ ရထားတွေ ဒီ့ထက် အချိန်မှန်အောင်နဲ့ ရန်ကုန်မြို့နေရာတော်တော်များများကို လွှမ်းခြုံချိတ်ဆက်နိုင်တယ်ဆိုရင် ရထားကို ပိုအားကိုးလာမယ်။ မြို့ထဲသွားဖို့က ကားစီးရမှာ အင်မတန်ကြောက်စရာကောင်းတယ်။ ရထားကအချိန်ရော၊ ငွေရော၊ လူရော သက်သာတယ်။ ဒါကို အဆင့်မြှင့်တင်မှုကောင်းကောင်းလုပ်သွားရမှာ။ အခုမြို့ထဲကမ်းနားလမ်းတစ်လျှောက်ကနေ ပုဇွန်တောင်ကော ကြည့်မြင်တိုင်ပါ ချိတ်ဆက်ပြေးဆွဲနိုင်မယ်ဆိုရင် မြို့ပတ်လမ်းကြောင်းကို ချိတ်ဆက်နိုင်တာဖြစ်သွားပြီ။ လူစီးများလာနိုင်ပါတယ်။ နယ်ဝေးခရီးစဉ်တွေကိုလည်း အဆင့်မြှင့်တင် ပြေးဆွဲမှုတွေ လုပ်သင့်တယ်" ဟု ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီဘူတာအနီးတွင်နေထိုင်သူ ကိုသန့်စင်ကပြောသည်။

**(ဆုနှင်းလှဲ့)**

ooo

## ယာဉ်အန္တရာယ်ကင်းရှင်းရေးတွင် ဂျာနယ်လစ်များ ပါဝင်လှုံ့ဆော်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဂျာနယ်လစ်များ ယာဉ်အန္တရာယ် ကင်းရှင်းရေးတွင် ပါဝင်လှုံ့ဆော်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

" ကျွန်တော်တို့တိုင်းပြည်မှာ ယာဉ်အန္တရာယ်တွေ ထူပြောလာတဲ့အတွက် ယာဉ်တိုက်မှုနှုန်းတွေများလာတယ်။ ယာဉ်နဲ့နှီးနွှယ်ပြီးတော့ ပြည်သူတွေမှာ ခံစားရတဲ့ ဒုက္ခတွေများလာတာ၊ အခက်အခဲပေါင်းစုံဖြစ်လာတာ အဲ့ဒါတွေကို ဘယ်လိုလျှော့နည်းသွားအောင်လုပ်နိုင်မလဲ။ အဲ့ဒါတွေကို ကျွန်တော်တို့အပါအဝင် ကျန်းမာရေးဝန်ကြီးဌာနက ဝန်ထမ်းတွေပူးပေါင်းပြီးလုပ်တယ်။ အဲ့ဒီလိုလုပ်တဲ့အခါမှာ သတင်းမီဒီယာတွေက ထိရောက်တဲ့ အခန်းကဏ္ဍကနေ ကူညီပေးနိုင်တယ်လို့ယူဆပြီး သတင်းမီဒီယာတွေနဲ့ အနာဂတ်မှာ အချက်အလက်တွေ ဖလှယ်ပြီး ဒီလိုကိစ္စတွေနည်းပါးသွားအောင်လုပ်ရင် ပိုထိရောက်မလားလို့ ဆိုပြီး ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ လုပ်ခြင်းဖြစ်ပါတယ်"ဟု စီမံချက်မန်နေဂျာ ဒေါက်တာ အောင်သိန်းဌေးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီမှ ဌာနခွဲမှူး ဦးကာကျော်က "ယာဉ်တိုက်မှုလျော့နည်း ကျဆင်းရေးအတွက် ကျွန်တော်တို့ မထသဗဟိုကော်မတီအနေနဲ့ကလည်း လစဉ်တစ်လကို နှစ်ကြိမ် မွမ်းမံသင်တန်းတွေ ဆောင်ရွက်တယ်။ အခြေခံသင်တန်းတွေ ဖွင့်လှစ်ဆောင်ရွက်နေပါတယ်။ အဲ့ဒီမှာ ယာဉ်စည်းကမ်းနဲ့ ပတ်သက်ပြီး လိုက်နာရမှာတွေကို သင်ကြားပေးပါတယ်။ အခုနောက်ပိုင်း တိုင်ကြားမှုတွေများလာတယ်ဆိုတော့ စည်းကမ်းပျက်တာတွေ များလာပါတယ်။ ပညာပေးလုပ်ငန်း ဆောင်ရွက်နေတာကို လိုက်နာသူတွေကသာ တိတိကျကျ လိုက်နာရင် နောက်တစ်ခါ သူတို့ရဲ့ အလေ့အကျင့်တွေကို ပြင်အောင်လုပ်နိုင်မယ်ဆိုရင် ယာဉ်အန္တရာယ်က အထိုက်အလျောက်တော့ လျော့နည်းလာမယ်ထင်တယ်။ ယာဉ်မတော်တဆဖြစ်ရတဲ့ အကြောင်းအရင်းကတော့ လမ်းအသုံးပြုသူနဲ့ ယာဉ်အသုံးပြုသူ နှစ်ဦးနှစ်ဖက်များလို့ဖြစ်တာပါ။ လမ်းကူးသူကလည်း လမ်းကူးတဲ့စနစ်တွေ လိုက်နာမယ်။ ယာဉ်အသုံးပြုသူကလည်း စည်းကမ်းတကျရှိမယ်ဆို ယာဉ်တိုက်မှုဟာ လျော့နည်း ကျဆင်းသွားမှာပါ"ဟု ပြောသည်။



အဆိုပါအခမ်းအနားတွင် ဂျာနယ်လစ်များအတွက် ယာဉ်အန္တရာယ်ကာကွယ်ရေး လုပ်ငန်းအကြောင်း သိကောင်းစရာနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျန်းမာရေးအရာရှိ ဒေါက်တာ Chamaiparn က ရှင်းလင်းပြောကြားခဲ့ပြီး ၂၀၁၃-၂၀၁၅ ခုနှစ်အထိ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်များနှင့် ပတ်သက်၍ ဒေါက်တာသစ်လွင်က ဆွေးနွေးကာ တက်ရောက်လာသည့် သတင်းမီဒီယာများနှင့် ၁၀ စုနှစ်အတွင်း ယာဉ်အန္တရာယ် ကင်းရှင်းစေရန်အတွက် နိုင်ငံတကာအပါအဝင် မြန်မာပြည်အတွင်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းခြင်း၊ အလွှာအသီးသီးပါဝင်သော ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်တွင် သတင်းမီဒီယာများအနေဖြင့် ပိုမိုစိတ်ဝင်စားမှုရရှိရေးနှင့် ဗဟုသုတကျွမ်းကျင်မှုများ ပိုမိုရရှိနိုင်ရေး မဟာဗျူဟာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သီသီမင်း)**

ooo

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် ဒီဇင်ဘာ ၁၀**

မွန်ပြည်နယ် မုဒုံမြို့နယ် ကင်းချောင်းကျေးရွာတွင် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရဲဝင်းနှင့် မြို့နယ်ဦးစီးမှူးတို့အဖွဲ့သည် ဒီဇင်ဘာလ ပထမပတ်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျေးရွာသူကျေးရွာသားများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ငွေစာရင်းထိန်းသိမ်း ဆောင်ရွက်နေမှုများနှင့် လုပ်ငန်း လိုအပ်ချက်များအပေါ် ညှိနှိုင်း ဆောင်ရွက်ခဲ့ကြသည်။

ကင်းချောင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးနှင့် ရောင်းဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး စုစုပေါင်း ၁၁၆ ဦးရှိကြောင်း သိရသည်။

**(ကျေးလက်ဦးစီး)**

# မြန်မာနိုင်ငံတွင် ဗီတာမင်နှင့် သတ္တုဓာတ်ချို့တဲ့မှုလျော့ကျစေရေး အာဟာရဖြည့်ဆန်စမ်းသပ်ထုတ်လုပ်ကာ စတင်မိတ်ဆက်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံတွင် ဗီတာမင်နှင့် သတ္တုဓာတ်ချို့တဲ့မှုများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် ယင်းပြဿနာလျော့ကျစေရေး အထောက်အကူပြုစေရန်အတွက် အာဟာရဖြည့်ဆန်ကို စမ်းသပ်ထုတ်လုပ်လျက်ရှိပြီး ၂၀၁၆ ခုနှစ်မှ စတင်ကာ ဖြန့်ဖြူး၊ ရောင်းချ၊ စားသုံးသွားနိုင်ဖို့ ရှိကြောင်း ဒီဇင်ဘာ ၁၀ ရက်က နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ ကျင်းပသော အာဟာရဖြည့်ဆန်စတင် မိတ်ဆက်ခြင်းအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင် အာဟာရဖြည့်ဆန်ထုတ်လုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ အာဟာရဓာတ်ချို့တဲ့မှု၏ ကျန်းမာရေး အကျိုးဆက်များ၊ အာဟာရဓာတ်ပြည့်ဝမှု၏ ကောင်းကျိုးများနှင့် စပ်လျဉ်း၍ မေးမြန်းဖြစ်ခဲ့ပါသည်။



ဦးမျိုးမြင့်အောင်။



ဦးနေလင်းဇင်။



ဦးနေမျိုးဟိန်း။

**ဦးမျိုးမြင့်အောင်(Pathအဖွဲ့မှ အားဖြည့်ဆန်စီမံကိန်းဒါရိုက်တာ)**

ကျွန်တော်တို့ အားဖြည့်ဆန်စီမံကိန်းအကောင်အထည်ဖော်ဖို့ ၂၀၁၃ ခုနှစ် အောက်တိုဘာလကတည်းက စတင်ခဲ့ကြတာပါ။ ၂၀၁၇ ခုနှစ် မတ်လအထိ ဒီလုပ်ငန်းကို လုပ်ဆောင်ဖို့ ရှိပါတယ်။ အာဟာရဖြည့်ဆန်ကို မိတ်ဆက်ဖို့ မပြုလုပ်ခင်မှာ စားသုံးသူတွေ လက်ခံနိုင်ခြင်း ရှိ၊ မရှိနဲ့ ပတ်သက်ပြီး စစ်တမ်းတွေကောက်ခဲ့ပါတယ်။ ဘယ်လိုဆန်အမျိုးအစားတွေ ဝယ်ယူစားသုံးကြသလဲဆိုတာ စစ်တမ်းတွေကောက်သလို ဈေးကွက်မှာ စတင်ဖြန့်ဖြူးဖို့အတွက်လည်း စစ်တမ်းတွေ ကောက်ခဲ့ပါတယ်။ အခုဖြန့်မယ့် အားဖြည့်ဆန်ကိုလည်း ပုံမှန်ဆန်နဲ့ အရောင်အဆင်း၊ အနံ့၊ အရသာကအစ ဘယ်လိုရှိတယ်ဆိုတာ Taste Survey ဆိုပြီး ၂၀၁၄ မှာလုပ်ခဲ့ပါတယ်။ အဲဒီစစ်တမ်းတွေကြည့်ပြီးတော့မှ အခုအာဟာရဖြည့်ဆန်ဟာ ပုံမှန်ဆန်နဲ့အရောင်အဆင်းအနံ့အရသာတူညီပြီးတော့ ပုံမှန်အတိုင်းဝယ်ယူသိုလှောင် စားသုံးလို့ရပါတယ်။

မြန်မာနိုင်ငံမှာ အားဖြည့်ဆန်စတင်မိတ်ဆက်ရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာ အာဟာရချို့တဲ့တဲ့ ပြဿနာရှိပါတယ်။ အဲဒီပြဿနာပြေလည်လာအောင် အားဖြည့်ဆန်ကို မြန်မာနိုင်ငံမှာ စတင်မိတ်ဆက်ရခြင်း ဖြစ်ပါတယ်။ အားဖြည့်ဆန်ဟာ ပုံမှန်ထက်တကယ်လိုအပ်တဲ့ အာဟာရတွေဖြစ်တဲ့ ဗီတာမင်နဲ့ သတ္တုဓာတ်ရှစ်မျိုးထည့်ထားပါတယ်။ အဲဒါတွေကတော့ ဗီတာမင်အေ၊ ဗီတာမင်ဘီ(၁)၊ ဗီတာမင်(၆)၊ ဗီတာမင်(၁၂)၊ ဖောလစ်အက်စစ်၊ သံဓာတ်၊ ဇင့်ဓာတ်နဲ့ နိုင်ယာစင်ဓာတ်တွေပဲ ဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့လက်တွဲလုပ်နေတာကတော့ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအဖွဲ့ချုပ်၊ ဆန်စပါးလုပ်ငန်းရှင်များ အသင်းတို့နဲ့ဖြစ်ပါတယ်။ အခုမြန်မာနိုင်ငံမှာ အာဟာရဖြည့်ဆန်ထုတ်လုပ်နေတဲ့ Gold Power ကုမ္ပဏီလည်း ရှိပါပြီ။ ဒီဆန်တွေကို သမားရိုးကျဆန်နဲ့ တစ်အချိုး အချိုးတစ်ရာနဲ့ ရောပြီးဖြန့်ဖို့ အဆင်သင့်ဖြစ်နေတဲ့ ဆန်စက်တွေလည်းရှိပါတယ်။ အဲဒီဆန်စက်တွေနဲ့ ချိတ်ဆက်ပြီးတော့ ဆောင်ရွက်နေပါတယ်။ လုပ်ငန်းတွေရဲ့အရည်အသွေးကိုလည်း စောင့်ကြည့်ပေးဖို့ FDA အဖွဲ့နဲ့လက်တွဲပြီး ဆောင်ရွက်နေပါတယ်။

**ဦးနေလင်းဇင်(မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး)**

ကျန်းမာရေးစစ်တမ်းအရ မြန်မာနိုင်ငံမှာရှိတဲ့ ကလေးတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေမှာ ဖြစ်တတ်တဲ့ အာဟာရချို့တဲ့မှုနဲ့ နောက်ဆက်တွဲပြဿနာတွေဟာ ၃၇ ရာနှုန်းကနေ ၆၀ ရာခိုင်နှုန်းအထိ ရှိပါတယ်။ ကျန်းမာရေးဒုက္ခတွေ၊ လူမှုရေးဒုက္ခတွေကို အဖြေရှာတဲ့အခါမှာ နေ့စဉ်စားသုံးနေတဲ့ စားသုံးကုန်မှာလိုအပ်နေတဲ့ အာဟာရတွေချို့တဲ့နေတယ်လို့ အဖြေရတဲ့အတွက် Path ဆိုတဲ့ အဖွဲ့က မြန်မာနိုင်ငံမှာ အာဟာရဖြည့်ဆန် ထုတ်လုပ်နိုင်ဖို့ ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းအကောင်အထည်ဖော်ခဲ့ကြပါတယ်။ အားဖြည့်ဆန်က မြန်မာနိုင်ငံအတွက် ပထမဆုံးဈေးကွက် ဖြစ်လာတဲ့အပြင် ကျန်းမာရေးလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

ဒီအားဖြည့်ဆန်နဲ့ ပတ်သက်ပြီး ပထမဆန်စက် ၁၀ လုံးနဲ့ စတင်မယ်လို့ ရည်ရွယ်ထားခဲ့ပေမယ့် ဆန်စက်သုံးလုံးကနေပဲ စတင်နိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာလည်း ဈေးကွက်အတွင်း ဖြန့်ဖြူးဖို့ အသင့်ဖြစ်နေပါပြီ။ ဈေးကွက်ကို ထိုးဖောက်နိုင်ဖို့ လုပ်ရပါဦးမယ်။ စတင်ထုတ်လုပ်တဲ့အဆင့်ကနေ ဈေးကွက်ထဲ ရောက်လာနိုင်တဲ့ အခြေအနေအထိ လုပ်ဆောင်နိုင်ခဲ့ပါပြီ။ မကြာခင်မှာ ဈေးကွက်အတွင်း ရောက်လာပါလိမ့်မယ်။ ဈေးနှုန်းဆိုရင်လည်း သာမန်ဆန်ထက် ငါးရာခိုင်နှုန်း ဒါမှမဟုတ် ၁၀ ရာခိုင်နှုန်းလောက်ပဲပိုတဲ့ ဈေးနှုန်းနဲ့ ဈေးကွက်ထဲ ရောက်လာပါလိမ့်မယ်။ ဒီအားဖြည့်ဆန်ကို အကျိုးအမြတ်အတွက်ရောင်းချဖို့ ထုတ်လုပ်တာမဟုတ်တဲ့အတွက် စားသုံးသူတွေလိုအပ်နေတဲ့ ကျန်းမာရေးအတွက် ထုတ်လုပ်တာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီဆန်ကို ဈေးကွက်ထဲဈေးသက်သက်သာသာနဲ့ ရောက်လာဖို့ ယုံကြည်ထားပါတယ်။

**ဦးနေမျိုးဟိန်း(Gold Power ကုမ္ပဏီဒါရိုက်တာ)**

Gold Power ဆိုတာ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ပြည်သူတွေအတွက် အာဟာရမြှင့်တင်ရေးကို ဆိုလိုပါတယ်။ Gold Power အနေနဲ့ စားသုံးသူတွေ ဒီအာဟာရဖြည့်ဆန်ကို သိရှိလာအောင်လုပ်ဆောင်သွားမှာပါ။ ကျွန်တော်တို့မှာ ဖြန့်ချိရေးကွန်ရက်ကလည်း ရှိပြီးသားပါ။ ဒီအားဖြည့်ဆန်ကို ကုန်စုံဆိုင်တွေပေါ် ရောက်ရှိတဲ့အထိ ဖြန့်ဖြူးပေးမယ်လို့ စီစဉ်ထားပါတယ်။ အာဟာရဖြည့်ဆန်ကို စားသုံးခြင်းအားဖြင့် စားသုံးသူတွေအတွက် တစ်နေ့တာ စိတ်ရွှင်လန်းပြီး ဗီတာမင်အများဆုံးရတဲ့အတွက် သွေးအားနည်းရောဂါအပါအဝင် တခြားရောဂါတွေကိုလည်း ကာကွယ်နိုင်ပါတယ်။ စားသုံးသူတွေကို ပြောချင်တာကတော့ ဒီဆန်ကို စားသုံးခြင်းအားဖြင့် စားသုံးသူတွေအနေနဲ့ ကျန်းမာသုခနဲ့ ပြည့်စုံတဲ့သူတွေဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။

အာဟာရဖြည့်ဆန်စေ့အတွင်းတွင် ဗီတာမင်နှင့် သတ္တုဓာတ်များကို တွင် နည်းပညာအသုံးပြု၍ ထည့်သွင်းထားသောကြောင့် ဆန်ကို ရေဆေးကြောရုံမျှဖြင့် အာဟာရဓာတ်အလွယ်တကူမဆုံးရှုံးနိုင်သည့်အပြင် သမားရိုးကျဆန်များနည်းတူ ပုံမှန်အတိုင်းဝယ်ယူသိုလှောင်ချက်ပြုတ်စားသုံးခြင်းဖြင့် အာဟာရဓာတ်များ အပြည့်အဝရရှိနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

ဆန်များအား အာဟာရဓာတ်များဖြည့်စွက်ခြင်းကို ၂၀ ရာစုကတည်းက စတင်ခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ကမ္ဘာ့ဘဏ်စသည့် အဖွဲ့အစည်းများက အသိအမှတ်ပြုထောက်ခံထားသည့် အာဟာရချို့တဲ့မှုများကို ရင်ဆိုင်ဖြေရှင်းပေးသည့် နည်းဗျူဟာတစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**နိုင်လင်းကြည်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးမောင်မောင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာဒေါ်စန္ဒာဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) မှ ဒုတိယပါမောက္ခချုပ် (စီမံ)ဦးထွန်းအုံအား အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။



## အစုရှယ်ယာရှင်များနှင့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

CB ဘဏ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် အစု ရှယ်ယာရှင်များနှင့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ဒီဇင်ဘာ ၁၀ရက်က ရန်ကုန်မြို့ Sule Shangri-la Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်ကလည်းကောင်း၊ CB ဘဏ် ဥက္ကဋ္ဌ ဦးခင်မောင်အေးကလည်းကောင်း အဖွင့်အမှာစကားပြောကြားကြသည်။ CB ဘဏ် ဥက္ကဋ္ဌ ဦးခင်မောင်အေးကပြောကြားရာတွင် CB ဘဏ်ကို တည်ထောင်ခဲ့သည်မှာ ၂၄ နှစ်ပြည့်ပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် စီးပွားရေးအချက်အချာကျသောနေရာများတွင် ဘဏ်ခွဲပေါင်း ၁၄၅ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ဘဏ်ဝန်ထမ်းပေါင်း ၅၃၇၅ ဦးအထိ ခန့်ထားပြီးဖြစ်ကြောင်း၊ CB ဘဏ်၏ လက်ရှိ ATM အလုံးပေါင်းမှာ ၃၅၀၊ POS စက်အရေအတွက်မှာအလုံး ၂၀၀၀၊ မိုဘိုင်းဘဏ်လုပ်ငန်း Agent အရေအတွက်မှာ ၂၀၀နှင့် Exchange Counter အရေအတွက်မှာ ၉၀ ဖြစ်ကြောင်းနှင့် CB ဘဏ်မှ ထုတ်လုပ်ထားသော Product များမှာ ယခုအချိန်တွင် ၅၉မျိုးရှိပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တစ်နှစ်တာဆောင်ရွက်ချက်၊ ဘဏ္ဍာရေးရှင်းလင်းချက်ကို CB ဘဏ်၏ အလုပ်အမှုဆောင် ဒုတိယဥက္ကဋ္ဌ ဦးကျော်လင်းက ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ သမဝါယမဌာနမှ တာဝန်ရှိသူများ၊ CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များ၊ CB ဘဏ် ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(ကြေးမုံ)**

## အများပြည်သူသို့အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်တို့အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ်(စနေ၊ တနင်္ဂနွေ)နေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းသည် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ၁၂-၁၂-၂၀၁၅ ရက်နေ့ ဒဂုံ(တောင်)၊ သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ရပ်ကွက်များ၊ သုံးခွ၊ ခရမ်း၊ ကျောက်တန်းမြို့နယ်၊ မှော်ဘီ၊ မြောင်းတကာ၊ တိုက်ကြီး၊ ဥက္ကံမြို့နယ်တို့တွင် ယင်းနေ့နံနက် ၀၉း၀၀ နာရီမှ ၁၃း၀၀ နာရီအတွင်း ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပါသည်။

၃။ ၁၃-၁၂-၂၀၁၅ရက်နေ့ မှော်ဘီမြို့နယ် (လေကြောင်းရန်တပ်)၊ လေထီးသင်တန်းကျောင်း၊ မြောင်းတကာဇုန်၊ ထောက်ကြန့်မြို့ စသည်တို့တွင် ယင်းနေ့နံနက် ၀၉း၀၀ နာရီမှ ၁၆း၀၀နာရီအတွင်း ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားခေတ္တပိတ်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းစဉ်ဖြစ်ပါသဖြင့် ဓာတ်အားပြတ်တောက်မှုကြောင့် မီးသုံးစွဲသူပြည်သူများအတွက် အခက်အခဲများစွာ ဖြစ်ပေါ်လာနိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးနိုင်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ လေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# လက်မှုပညာထန်းလျှော်တောင်းရက်လုပ်ငန်းဖြင့် ကျေးရွာပြည်သူများ အဆင်ပြေ

**စဥ့်ကိုင် ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် နန်းနီးကျေးရွာအုပ်စု မြေတော်ကျေးရွာတွင် အိမ်ထောင်စု (၁၀၁)စု လူဦးရေ ၄၀၁ ဦးရှိရာ လက်မှုပညာဖြစ်သည့် ထန်းလျှော်တောင်း ရက်လုပ်ခြင်းလုပ်ငန်းဖြင့် မိသားစုစီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

တောင်းရက်လုပ်ခြင်းလုပ်ငန်းအတွက် အဓိကလိုအပ်လျက်ရှိသော ကုန်ကြမ်းဖြစ်သည့် ထန်းလျှော်ကို နန်းနီးကျေးရွာ၊ မြေတော်ကျေးရွာ၊ နေပူကျေးရွာဒေသတွင်းမှ အဓိကရရှိသည်။ ထန်းလျှော်တောင်းရက်လုပ်ခြင်းလုပ်ငန်းသည် အဆင့်ဆင့်ပြုလုပ်ရသောလုပ်ငန်းဖြစ်ပြီး ထန်းပင်မှ ထန်းလျှော်ကို နေလှမ်းပြီး ခြောက်သွေ့သွားပါက ပြန်၍ရေစိမ်ရပါသည်။ ထို့နောက် ထန်းလျှော်များကို ရေစိမ်ပြီး ဓားနှောင့်ဖြင့် ချောအောင်လျှော်ကိုသပ်၍ တောင်းရက်လုပ်ခြင်းဖြင့် အဆင့်ဆင့်ရက်လုပ်ပြီးပါက ထန်းလျှော်တောင်းတစ်လုံး ရရှိပါသည်။

ထန်းလျှော်တောင်းရက်လုပ်ခြင်းလုပ်ငန်းအတွက် အရင်းအနှီးအဖြစ် ထန်းလျှော်အခု ၁၀၀ လျှင် ငွေကျပ် ၃၅၀၀ ကုန်ကျပါက (၁၆)ပြည်တင်းတောင်း ရှစ်လုံးရရှိပြီး တစ်လုံးလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့်လည်းကောင်း၊ (၈)ပြည်ခွဲတောင်း ရက်လုပ်ပါက ၁၀ လုံးရရှိပြီး တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ နှုန်းရရှိပြီး ကျေးရွာအရောက် ဖောက်သည်များ လာရောက်ယူကြောင်း၊ ရာသီမရွေးတစ်နှစ်ပတ်လုံး လုပ်ကိုင်နိုင်ခြင်း၊ အိမ်လုပ်ငန်းမပျက် အရိပ်ထဲတွင် ရင်းနှီးငွေကျပ် ၃၅၀၀ ဖြင့် ရရှိငွေကျပ် ၁၅၀၀၀ ဖြစ်ရာ ရင်းနှီးငွေနည်းပြီး ပုံမှန်ဝင်ငွေကျပ် ၁၁၅၀၀ ရရှိသည့်အတွက် မိသားစုအပိုဝင်ငွေရရှိကာ ကျေးရွာပြည်သူများ အဆင်ပြေလျက်ရှိကြောင်း မြေတော်ကျေးရွာမှ ထန်းလျှော်တောင်း ရက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်သူ မအိရွှေစင်က ပြောပြသည်။ **တင်တင်ထွေး(စဥ့်ကိုင်)**



# ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ထားရှိမှုကို အများပြည်သူသိရှိရေး အသိပေးကြော်ညာခြင်းဆောင်ရွက်

**သာစည် ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop (OSS) ဖွင့်လှစ်ထားရှိရာ အများပြည်သူကျယ်ကျယ်ပြန့်ပြန့်သိရှိရေး အသိပေးကြော်ညာခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ပေးခြင်းဖြင့် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေမည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သောဝန်ဆောင်မှု အလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့်ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန်နှင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ ဦးစီးဌာနများအလိုက် အပြန်အလှန်ထိန်းကျောင်းမှုပြုနိုင်ရေး အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အများပြည်သူတို့၏ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များအပေါ် လုပ်ငန်းများကြန့်ကြာမှုမရှိအောင် တစ်နေရာတည်း၊ တစ်ထိုင်တည်း အလွယ်တကူဆောင်ရွက်ပေးခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ လျှပ်စစ်ဖြန့်ဖြူးရေးကော်ပိုရေးရှင်း၊ မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ စုစုပေါင်းဌာနဆိုင်ရာ ၁၀ ခုမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ပြည်သူ့ဝန်ဆောင်မှု One Stop Shop (OSS) ရုံး ဖွင့်လှစ်ထားရှိ၍ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အများပြည်သူသိရှိနိုင်စေရန် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများမှတစ်ဆင့် အသိပေးကြော်ညာခြင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မိုးမင်း(သာစည်)**

# အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲ အုပ်စုများထွက်ပေါ်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

၂၀၁၆ အာရှ ချန်ပီယံလိဂ် ပြိုင်ပွဲနှင့် AFC Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ယနေ့မွန်းလွဲပိုင်းက မလေးရှားနိုင်ငံ၌ ကျင်းပသည်။ မြန်မာကလပ်အသင်းများမှာ အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို အကြိုခြေစစ်ပွဲ ဒုတိယအဆင့်၊ AFC Cup ပြိုင်ပွဲကို အုပ်စုအဆင့်တို့မှ စတင်ကစားရမည်ဖြစ်သည်။

အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ၂၀၁၅ MNL အမှတ်ပေးချန်ပီယံ ရန်ကုန်အသင်း ယှဉ်ပြိုင်ခွင့်ရထားပြီးအကြိုခြေစစ်ပွဲ ဒုတိယအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ မဲခွဲမှုအနေအထားအရ ရန်ကုန်အသင်းမှာထိုင်းပရီမီယာလိဂ်၌ အဆင့်သုံးနေရာရရှိသည့် အသင်းနှင့် ဖေဖော်ဝါရီ ၂ ရက်တွင် အဝေးကွင်းပွဲစဥ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ လက်ရှိတွင် ထိုင်းပရီမီယာလိဂ်မှာ ပြီးဆုံးခြင်းမရှိသေးသောကြောင့် တွေ့ဆုံရမည့်အသင်း ထွက်ပေါ်လာခြင်းမရှိသေးပေ။ ရန်ကုန်အသင်းမှာ ထိုင်းကလပ်ကို ကျော်ဖြတ်နိုင်ခဲ့ပါက Play-off အဆင့်တွင် ဂျေလိဂ်အဆင့် (၄) အသင်းနှင့် ကစားရမည်ဖြစ်ပြီး ယင်းအဆင့်ကို ကျော်လွှန်နိုင်ခဲ့ပါက နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းမှာ ခြေစွမ်းပိုင်းမြင့်မားသည့် အသင်းများနှင့် ကစားရမည်ဖြစ်ရာ ခြေစစ်ပွဲ အောင်မြင်ရန် ခက်ခဲဖွယ်ရှိနေသည်။ ရန်ကုန်အသင်းသည် ခြေစစ်ပွဲအဆင့်မှ ထွက်ခဲ့ရပါက AFC Cup ပြိုင်ပွဲ၌ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး နောက်ဆုံးအဆင့် တက်ရောက်ခွင့်ရခဲ့ပါက ရတနာပုံအသင်းမှာ AFC Cup ပြိုင်ပွဲကို အစားထိုးယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

AFC Cup ပြိုင်ပွဲအုပ်စုမဲခွဲရာတွင် ရန်ကုန်(သို့မဟုတ်) ရတနာပုံအသင်းမှာ အုပ်စု(G)တွင် မိုဟမ်ဘေဂန် (အိန္ဒိယ)၊ တောင်တရုတ် (ဟောင်ကောင်)၊ မာဇီယာ (မော်လ်ဒိုက်)တို့နှင့်အတူ ပါဝင်နေသည်။ ရန်ကုန်အသင်းမှာ တောင်တရုတ်အသင်းနှင့် ဒုတိယအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး ကျန်နှစ်သင်းနှင့် ပထမဆုံးတွေ့ဆုံခြင်း ဖြစ်သည်။



AFC Cup **အုပ်စုမဲခွဲပွဲပြုလုပ်နေစဥ်။**

တောင်တရုတ်အသင်းမှာ မြန်မာကလပ်အသင်းများနှင့် သုံးကြိမ်ဆက်တွေ့ဆုံခြင်းဖြစ်သည်။ ရှုံး/ထွက်ချန်ပီယံ ဧရာဝတီအသင်းမှာ အုပ်စု (H) တွင် ဂျိုဟိုဒါရူးလ် (သို့မဟုတ်) ပါတန်း(မလေးရှား)၊ လာအို FC (လာအို)၊ ဘင်ဂါလူရူး(အိန္ဒိယ)တို့နှင့်အတူ ပါဝင်နေသည်။

ဂျိုဟိုဒါရူးလ်အသင်းမှာ AFC Cup ပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းဖြစ်သည်။ AFC Cup အုပ်စုပွဲစဥ်များကို ဖေဖော်ဝါရီလမှစတင်ကာ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။

မြန်မာကလပ် အသင်းများမှာ အာရှချန်ပီယံလိဂ်ပွဲကို ၂၀၁၅ ခုနှစ်နှင့် AFC Cup ပြိုင်ပွဲကို ၂၀၁၂ ခုနှစ်က စတင်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဧရာဝတီအသင်း**

# ခိုများနှင့် လျှပ်စစ်အန္တရာယ်

ကျွန်တော်တို့ မြန်မာလူမျိုးများသည် ကိုးကွယ်ယုံကြည်မှုအရ သနားကြင်နာမှုကို အရင်းတည်ကာ နံနက်မိုးသောက် အလင်းရောက်သည်နှင့် ခိုငှက်ကလေးများကို အစာကျွေးခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုကြသော်လည်း ခိုငှက်များနှင့်ပတ်သက်၍ အန္တရာယ်ဖြစ်နိုင်မှုများကို သတိမမူမိကြချေ။

လူများနှင့် အနီးကပ်ဆုံးရှိနေသည့် အဆိုပါခိုငှက်များမှတစ်ဆင့် ကြက်ငှက်တုပ်ကွေးရောဂါသည်လည်း တစ်ချိန်က လူသားများအား အသက်အန္တရာယ်ဖြစ်စေသည်အထိ ခြိမ်းခြောက်ခံခဲ့ရဖူးလေပြီ။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါ။ ယခုအချိန်အခါသည် ရန်ကုန်မြို့ကြီးလိုမြို့ပြကြီး၌ လူနေထူထပ်လာသည်နှင့်အမျှ လျှပ်စစ်သုံးစွဲမှုသည်လည်း မြင့်တက်လျက်ရှိကာ တိုက်တာအဆောက်အအုံကြီးများဖြင့် ပြည့်နှက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေကြရပေသည်။

ဆိုလိုသည်မှာ ထိုသို့ တိုက်တာအဆောက်အအုံများ များပြားလာသည်နှင့်အမျှ လျှပ်စစ်ကြိုးများ၊ အိမ်သုံးဓာတ်အားလိုင်းများ၊ စက်ရုံသုံးဓာတ်အားလိုင်းများ၊ ဗို့အားမြင့်ဓာတ်အားလိုင်းများဖြင့် ပြည့်နှက်နေကြပေသည်။

အဆိုပါဓာတ်အားလိုင်းကြိုးများပေါ်တွင် နံနက်မိုးလင်းသည်နှင့် ခိုငှက်များ တန်းစီနားခိုနေမှုကြောင့် ဓာတ်အားလိုင်းကြိုးများ အလွန်အမင်းအိကျနေမှုကိုလည်း ခရီးသွားများ မြင်တွေ့ကြမည်ဖြစ်ပေသည်။

ထိုသို့ အလွန်အမင်း အိကျမှုကြောင့်လည်းကောင်း၊ ရာသီဥတုကြောင့်သော်လည်းကောင်း ဓာတ်အားလိုင်းကြိုးများပျက်ကျကာ လူအများဓာတ်လိုက်သေဆုံးမှုများ ကြုံတွေ့နိုင်ခြင်း၊ တန်းစီနားခိုနေစဥ် ကျယ်လောင်သည့် အသံတခုကြောင့် လန့်၍ပျံတက်စဥ် ဓာတ်ကြိုးတစ်ခုနှင့်တစ်ခုရိုက်ခတ်၍ ရှော့ဖြစ်ကာ ဓာတ်ကြိုးများ ပြတ်ကျသည့်သာဓကများလည်း ရှိခဲ့သည်။

ခိုငှက်များအား ရှင်းလင်းပစ်ရန်မဟုတ်ဘဲ အန္တရာယ်များနှင့် လွတ်ကင်းသော သီးသန့်နေရာများ (ဥပမာ ကွင်း၊ မြေလွတ်၊ ရင်ပြင်) ကဲ့သို့နေရာမျိုးတွင် ကျွေးမွေးသင့်သည်။

သက်ရှိသတ္တဝါလောကတွင် လူနှင့် တိရစ္ဆာန်ဟူ၍ ရှိကြရာလူတို့သည်လည်း မိမိတို့နှင့်အဆင်ပြေရာ ရေကြည်ရာမြက်နုရာတို့တွင် နေထိုင်လုပ်ကိုင်ရှာဖွေစားသောက်သကဲ့သို့ တိရစ္ဆာန်ဖြစ်သည့် ခိုငှက်များမှာလည်း အစာရေစာပေါများရာ ရာသီဥတုမျှတရာနေရာတို့တွင် နေထိုင်ကာ ရှာဖွေစားသောက်တတ်သဖြင့် အစာရေစာပေါများသည့်နေရာ၌သာ နေလိုကြသည်။

လူတို့က သူတို့အတွက် ရှာဖွေစားသောက်ရန်မလိုဘဲ အဆင်သင့်ကျွေးမွေးကြ၍သာ မြို့ကြီးပြကြီးများ၌ မှီခိုတွယ်ကပ်နေကြခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

လူတို့ဝန်းကျင်၌ငှက်များအတွက် အစာရေစာမရရှိပါက လူတွေအနားပင် လာရောက်တော့မည်မထင်ပါ။

ငှက်စာကျွေးသည့်သူများကိုလည်း အပြစ်မမြင်ပါ။ ငှက်ကြောင့်ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများက လျှပ်စစ်ဓာတ်အားလိုင်းကြိုးများကို ပျက်စီးစေကာ လူတို့ကို အန္တရာယ်ဖြစ်စေခြင်း၊ တိုက်တာအဆောက်အအုံများတွင် အသိုက်ဆောက်လုပ်သဖြင့် အဆောက်အအုံများ ပျက်စီးစေခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါများ ကူးစက်ပြန့်ပွားစေနိုင်ခြင်း၊ ခိုချေးများကြောင့် လူ့ပတ်ဝန်းကျင်နှင့် မြို့ပြလှပသန့်ရှင်းမှုကို လျော့ပါးစေခြင်း၊ ခိုငှက်များနှင့် အခြားငှက်များကြောင့် လေယာဥ်ပျံများ ပျက်ကျသည်အထိ အန္တရာယ်များကြုံတွေ့နိုင်ခြင်းနှင့် ခိုငှက်တစ်ကောင်ကြောင့် မော်တော်ယာဥ်တိုက်မှုများ ဖြစ်ခဲ့ရကြောင်း စသည်ဖြင့် ခိုငှက်များနှင့် အဓိကလတ်တလောကြုံတွေ့နိုင်သည်များကို ရေးသားတင်ပြလိုက်ရပေသည်။

**(၁၉၇)**



# အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သို့ ထိန်းသိမ်းရေး လုပ်ငန်းများလုပ်ဆောင်ရန် ပြည်ပပညာရှင်များလာရောက်



**မုံရွာ ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံတွင်ရှိသည့် ဥယျာဉ်လေးခု၏ ထိန်းသိမ်းရေးလုပ်ငန်းများအား အဓိကထားပူးပေါင်းဆောင်ရွက်မည့် Small Grant Project ဆောင်ရွက်ရန်အတွက် ဖိလစ်ပိုင်အခြေစိုက် ASEAN Center for Biodiversityမှ CEO ဦးဆောင်သောအဖွဲ့နှင့် ဂျာမနီနိုင်ငံ KFW Bank မှ နည်းပညာဆိုင်ရာ အကြံပေးအရာရှိများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အား ဒီဇင်ဘာ ပထမပတ်တွင်းက ပထမဆုံးလာရောက် လေ့လာနေကြောင်း အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက ဒီဇင်ဘာ ၈ ရက်က ပြောသည်။

အဆိုပါအဖွဲ့သည် မြန်မာနိုင်ငံအတွင်းရှိ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ နတ်မတောင် အမျိုးသားဥယျာဉ်၊ မိန်းမလှကျွန်းဘေးမဲ့တောနှင့် အင်းတော်ကြီးဘေးမဲ့တို့ကို လေ့လာကြမည်ဖြစ်သည်။

"ACB က မြန်မာနိုင်ငံမှာရှိတဲ့ ဥယျာဉ်လေးခုရဲ့ ထိန်းသိမ်းရေးလုပ်ငန်းတွေ အဓိကထား ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် ထိန်းသိမ်းရေးလုပ်ငန်း တိုးတက်ဖို့နဲ့ ဥယျာဉ်ပတ်ဝန်းကျင်မှာရှိတဲ့ ရွာတွေရဲ့ လူမှုစီးပွားရေး အခြေအနေတွေ စစ်တမ်းကောက် မြှင့်တင်ပေးဖို့အတွက် ဥယျာဉ်တွေထိန်းသိမ်းရေးလုပ်ငန်းနဲ့ ပတ်သက်သည့် စနစ်တကျ အုပ်ချုပ်လုပ်ကိုင်မှု ငါးနှစ်စာ စီမံချက်ရေးဆွဲမှာဖြစ်ပါတယ်"ဟု ဦးရဲထွန်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် အာဆီယံ အမွေအနှစ်များဖြစ်သည့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်၊ မိန်းမလှကျွန်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော၊ နတ်မတောင် အမျိုးသားဥယျာဉ်ဟူ၍ ခုနစ်ခုရှိရာ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သည် သက်တမ်းအရင့်ဆုံး ဥယျာဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိတွင် WCS (သားငှက်ထိန်းသိမ်းရေးအဖွဲ့)မှ ဦးဆောင်ပြီး ဥယျာဉ်အတွင်းရှိ တောဆင်ရိုင်း ကာကွယ်ထိန်းသိမ်းရေးအတွက် တောဆင်ရိုင်း အလေ့အထနှင့် ပေါက်ပွားမှု မှတ်တမ်းတင်ခြင်း လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကင်းလှည့်ရင်းနဲ့ GPS တို့ ကင်မရာတို့ Data Found တို့ တစ်ပါတည်း ယူဆောင်ပြီး ရှားပါးတောကောင်တွေ၊ အပင်တွေစတဲ့ ဇီဝမျိုးစုံမျိုးကွဲမျိုးအသစ်တွေ တွေ့ရှိလာရင် Smart Prto Data Base စနစ်နဲ့ မှတ်တမ်းရေးသွင်းတယ်။ Data Found ရေးသွင်းပြီးရင် ဥယျာဉ်ကို လအလိုက်၊ နှစ်အလိုက် မှတ်တမ်းတွေကို ပြန်ပြီးသုံးသပ်တယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ထို့အပြင် ဥယျာဉ်အတွင်းရှိ သဘာဝ တောရိုင်းတိရစ္ဆာန်များ၏ ရှင်သန်ပေါက်ပွားမှု အခြေအနေများကို လေ့လာသိရှိနိုင်ရန်အတွက် Camera Trap (ကင်မရာထောင်ခြောက်) များကို သားကောင်များသွားတတ်သည့် လမ်းကြောင်းများနှင့် လူအနှောင့်အယှက်ကင်းနိုင်မည့် အနေအထားများကိုကြည့်ပြီး တပ်ဆင်ထားကြောင်း သိရသည်။

"လတ်တလောအနေနဲ့ ကင်မရာထောင်ခြောက် ရှစ်လုံးထောင်ပြီးပါပြီ။ ဒီဥယျာဉ်က တော်တော်လေးကိုကျယ်ပါတယ်။ ဒါကြောင့် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းတွေ ယခုထက်ပိုပြီး တိုးမြှင့်ဆောင်ရွက်နိုင်အောင် မြို့နယ်အလိုက်အဖွဲ့တွေဖွဲ့စည်းပြီး ဝန်ထမ်းအင်အား ထပ်မံတိုးချဲ့ပေးရင် ပိုပြီးအဆင်ပြေမယ်။ ဥယျာဉ်ပတ်လည်မှာရှိတဲ့ ကျေးရွာတွေရဲ့ အသက်မွေးဝမ်းကျောင်းပုံစံက ဥယျာဉ်အပေါ်မှာ မှီခိုနေတာကို လျှော့ချပေးနိုင်တဲ့ နည်းလမ်းတွေ ရှာဖွေဆောင်ရွက်ပေးရမယ်။

"လူတွေကို သစ်မခုတ်အောင် ဖမ်းတာနဲ့စာရင် သစ်မခုတ်အောင် တားဆီး အသိပညာပေးနိုင်ရင် ပိုမိုကောင်းမွန်ပါတယ်။ နောက်ပြီး ဒီဥယျာဉ်မှာ တောအမျိုးအစားစုံတော့ ဇုန်အမျိုးအစားအလိုက် သတ်မှတ်ပြီး သဘာဝအခြေခံတဲ့ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာရင် ဥယျာဉ်ကနေနိုင်ငံခြားဝင်ငွေ အများအပြားရှာဖွေပေးနိုင်မှာ ဖြစ်ပါတယ်။ အခုလာမယ့် ဘုရားဖူးရာသီမှာလည်း ဥယျာဉ်ကဆင်တွေနဲ့ ဘုရားဖူးလာသက်ကြီးရွယ်အိုနဲ့ ကလေးငယ်တွေ အဆင်ပြေအောင် သယ်ယူပို့ဆောင်ရေးတွေ ဆောင်ရွက်ပေးသွားမှာပါ" ဟု ၎င်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင်သာမက အာဆီယံနိုင်ငံများတွင် လှပထင်ရှားသည့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သည် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်နှင့် ကလေးခရိုင် မင်းကင်းမြို့နယ်တို့တွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၃၄၆၆၃၉ ဒသမ ၃၉ ဧက စတုရန်းမိုင်အားဖြင့် ၅၄၁ ဒသမ ၆၂ စတုရန်းမိုင်ရှိကာ ၁၉၈၉ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သည် ပင်လယ်ရေမျက်နှာပြင် အထက် ပေ၂၀၀၀ မှ ၄၀၀၀ အထိ မြင့်မားသော တောင်တန်းများ၊ ထုံးကျောက်၊ ရွှံ့လ်ကျောက်၊ ကျောက်သားအမာခံတို့ဖြင့် ဖွဲ့စည်းထားသည်။

ယင်းဒေသတွင် တောအမျိုးအစားခြောက်မျိုးရှိပြီး တောင်ခြေမှစ၍ တစ်ဆက်တစ်စပ်တည်း လေ့လာနိုင်သည့် ချောင်းဘေး အမြဲစိမ်းတော၊ အထက်ရွက်ပြတ်ရောနှောတောစို၊ အထက်ရွက်ပြတ်ရောနှောတောခြောက်၊ အောက်ရွက်ပြတ်ရောနှောတောစို၊ အင်တိုင်းတောနှင့် ထင်းရှူးတောများ ပေါက်ရောက်ကာ ပျမ်းမျှမိုးရေချိန် ၂၅လက်မမှ လက်မ ၅၀ အထိရွာသွန်းတတ်ပြီး ပျမ်းမျှအပူချိန် ၅၀ဒီဂရီ ဖာရင်ဟိုက်မှ ၁၀၆ ဒီဂရီ ဖာရင်ဟိုက်အကြား ရှိသည်။

သဘာဝပေါက်ပင်များဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ သစ်ယာ၊ အင်ကြင်းစသည့်သစ်မျိုး စုစုပေါင်း ၄၆၅ မျိုးခန့်အပြင် ဝါးပိုးဝါး၊ တင်းဝါး၊ မျှင်ဝါးစသည့် ဝါးမျိုးများ၊ ကြိမ်ပင်လေးမျိုး၊ ရှားပါးသစ်ခွမျိုးစိတ်များ၊ ပရဆေး ၁၄၃ မျိုးနှင့် ရာသီအလိုက်ဖူးပွင့်သည့်တောပန်းမျိုးစုံ ပေါက်ရောက်ရှင်သန်လျက်ရှိကြောင်းသိရသည်။

အမျိုးသားဥယျာဉ်အတွင်း သဘာဝအတိုင်း လွတ်လပ်စွာရှင်သန် ကျက်စားလျက်ရှိသည့် ဆင်၊ ကျားသစ်၊ ပြောင်၊ စိုင်၊ ဆတ်၊ ဝက်ဝံ၊ ဂျီ၊ တောဝက်၊ တောဆိတ်၊ တောခွေး၊ မျောက်နှင့် တောကြောင် အမျိုးမျိုးစသည့် နို့တိုက်သတ္တဝါမျိုးစိတ်များ၊ အောင်လောင်၊ အောက်ချင်း၊ သစ်တောက်ငှက်၊ ဒေါင်း၊ ရစ် စသည့် ငှက်မျိုးစိတ် ၄၈၆ မျိုး၊ တွားသွားသတ္တဝါနှင့် ကုန်းနေ ရေနေ သတ္တဝါ ၉၄ မျိုး၊ အင်းဆက် ၄၂ မျိုးနှင့် လိပ်ပြာမျိုးစိတ် ၂၅၀ တို့ကို လေ့လာနိုင်သည်။

ထူးခြားမှုအနေဖြင့် ဥယျာဉ်အတွင်း သဘာဝရှုခင်းများကို လေ့လာခံစားရင်း ဆင်စီးခြင်း၊ တောတွင်း စခန်းချခြင်းများအပြင် ဘာသာရေးဆိုင်ရာ အမွေအနှစ်တစ်ခုဖြစ်သည့်အလောင်းတော်ကဿပ ရဟန္တာမထေရ်မြတ်ကြီး လျောင်းတော်မူရာ သဘာဝလိုဏ်ဂူတော်နှင့် စံကျောင်းတော်တို့ကို ဖူးမြော်နိုင်ကြောင်း သိရသည်။

သို့ဖြစ်ရာ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သည် ဆင်၊ ကျား၊ ကျားသစ်နှင့် အခြားမျိုးသုဉ်းလုနီးပါး တောရိုင်းတိရစ္ဆာန်များအတွက် လုံခြုံမှု ပေးစွမ်းရာ အိမ်ဂေဟာများအဖြစ်လည်းကောင်း၊ သစ်ခွ၊ အခြားရှားပါးအပင်မျိုးစိတ်များနှင့် ဌာနေငှက်များ၊ ရွှေ့ပြောင်းရေပျော် ငှက်ကလေးများတို့အတွက် အသိုက်အမြုံအဖြစ်လည်းကောင်း စောင့်ရှောက်ပေးထားသည်။

ယင်းအပြင် မြစ်ချောင်း၊ အင်းအိုင်များအတွက် သန့်စင်သည့် ရေအရင်းအမြစ်များ ထိန်းသိမ်းဖြည့်ဆည်းပေးထားသလို လူတို့အတွက် သန့်ရှင်းသည့် လေကိုရှူရှိုက်ခွင့်ရစေပြီး အပန်းဖြေနားနေနိုင်ရန် သဘာဝရှုခင်းများကို ကာကွယ်ပေးထားသည့် ဥယျာဉ်ကြီးတစ်ခုဖြစ်သည်။

**ဖိုးချမ်း(မုံရွာ)**

# အရည်အသွေးအာမခံချက်မရှိသော သောက်ရေသန့်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

၂။ ဈေးကွက်ထောက်လှမ်းစိစစ်ချက်အရ အောက်ဖော်ပြပါ သောက်ရေသန့်များမှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အရည်အသွေး စိစစ်ထောက်ခံထားသည့် သောက်ရေသန့်များ မဟုတ်ပါကြောင်းနှင့် သောက်ရေသန့်သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါသဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါသည်။

| စဉ် | သောက်ရေသန့် အမှတ်တံဆိပ် | လုပ်ငန်းလိပ်စာ |
|---|---|---|
| ၁။ | ပစ်တိုင်းထောင် | အမှတ်(၃၆၁/က)၊ တေးဥယျာဉ်(၃) လမ်း၊ (၇) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၂။ | MT | အမှတ်(၃၆၁/က)၊ တေးဥယျာဉ်(၃)လမ်း၊ (၇) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၃။ | နှင်းပန်း | အမှတ်(၂၀၃)၊ အောင်သိဒ္ဓိလမ်း၊ (၁၂) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၄။ | လမင်းစံ | အမှတ်(၁၇၆၊ ၁၇၇)၊ ဇမ္ဗူအေး(၆)လမ်း၊ (၁၂) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၅။ | Boon | အမှတ်(၄၀၁/ခ)၊ သီရိမာလာလမ်း၊ (၁၉/က) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ |
| ၆။ | ရွှေငါး | အမှတ်(၁၀၅/က)၊ (၇၂) ရပ်ကွက်၊ သဇင်လမ်းနှင့် ကံ့ကော်လမ်းထောင့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ |
| ၇။ | မြမြင့်မိုရ် | အမှတ်(၂၂)၊ ကျွန်းရွှေမှန်(၁)လမ်း၊ (၁၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ |
| ၈။ | သီတာဖော် | အမှတ်(၆၃)၊ ခိုင်သဇင်လမ်း၊ ကစင်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၉။ | Min Min (မင်းမင်း) | အမှတ်(၂၆)၊ ရွှေလင်ဗန်း၊ ရွှေမြင့်မိုရ်ပတ်လမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၀။ | Geo-Aqua | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၁၁။ | အောင်သန်းထိုက် | အေးမြို့ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၂။ | မိုးကြယ် (Moe Star) | ရွှေစင်သောက်ရေသန့်စက်ရုံ အမှတ်(၂၄၅)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၃။ | Y2K | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၁၄။ | DRAGON | (၀-၁၀ x ၂၀)၊ မြဝတီမင်းကြီးလမ်းနှင့်ကျွဲဆည်ကန်လမ်း၊ ၆၄ x ၆၅လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၁၅။ | ရောဦး | အမှတ်-၁၀၅/၄၂၊ အကွက်-၄ခ၊ ရွှေပဒေသာလမ်း၊ နောက်တိုးရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ |
| ၁၆။ | ShweMyanmar | ယ-၇၊ ၆၈ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်ဝေသာလီလမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၁၇။ | နဒီ (ရေသန့်ရေခဲ) | အမှတ်(၁၃၆/၁၃၇)၊ ၆၄ x ၆၅လမ်းကြား၊ သ-၉၊ သာယာဝတီမင်းကြီးလမ်းအနီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၁၈။ | ဆန္ဒပြည့် | နန-၁၄/၂၄၊ လမ်း ၆၀ (A-B)ကြား၊ စံပြလမ်းနှင့် သခင်ဖိုးလှကြီးလမ်းကြား၊ စက်မှု-၁၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၁၉။ | Skyline | ဃ-၆/၂၂၊ လမ်းသွယ်(၁၅)၊ (က) ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၂၀။ | CLEAN | C-၁၃၊ ရတနာပုံ(စ)ဈေးအနောက်ဘက်တန်း၊ ၅၉ လမ်း၊ (စ) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၂၁။ | လမင်းသာ | အကွက်(၄၂၀)၊ မာလကာခြံ၊ မင်္ဂလာတံတားအနီး၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ |
| ၂၂။ | Good Luck | အမှတ်-၂၇၊ Block-၁၅၊ နန်းရှေ့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ |

၃။ အစားအသောက်(သောက်ရေသန့်) ထုတ်လုပ်ရန်ထောက်ခံချက်မရှိဘဲ ဆက်လက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချကြောင်း စိစစ်တွေ့ရှိရပါက အမျိုးသားအစားအသောက်ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၁ - ၁၂ -၂၀၁၅ (သောကြာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား New Channel

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၃၀ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ် မျက်နှာမေတ္တာဘာဝနာ ပွားများခြင်းတရားတော် |
| ၇း၃၅ | ပြည်သူတို့ရဲ့ စကားသံများ |
| ၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၉း၃၅ | အနုပညာသတင်းအစီအစဉ် |
| ၁၀း၃၅ | "ဂျပန်တို့၏ပင်လယ်ရေမှ ဆားဖယ်ထုတ်ခြင်း နည်းပညာ" |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ် |
| ၁၂း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၄၄) |
| ၁း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၂၄) |
| ၂း၀၅ | မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) |
| ၂း၄၅ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (ရာမာန်နှင့်အောင်သူရိန်) |
| ၃း၃၅ | ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် |
| ၄း၁၅ | "အားကစားနှင့်ကာယပညာသိပ္ပံ" (မော်လမြိုင်) |
| ၄း၃၅ | Weekly Sports Info |
| ၅း၁၅ | "ရောင်းဝယ်ဖောက်ကားရွှေ့လျား ဈေးသည်များ" |
| ၆း၁၅ | "တစ်သက်တာ၏ တစ်သက်တာ" |
| ၆း၃၅ | The Farmer (ကြွက်နားရွက်မှိုစိုက်ပျိုးခြင်း) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၂၅) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း -"နိုင်ငံခြားဇာတ်လမ်းတွဲ -တောင်းတဲ့ဆု" (အပိုင်း-၄၅) -ချစ်သောဤကမ္ဘာမြေ |

## MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ် |
| ၅း၄၀ | "မြတ်ဗုဒ္ဓ၏ အမွေအနှစ်များ အကြောင်း"တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ) |
| ၉း၃၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၅၀ | Food & De'cor |
| ၁၁း၁၅ | MRTV-4 Stage |
| ၁၁း၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၁၃) |
| ၁၂း၂၅ | The Seven Habits of Highly Ef fective People Seminar အကြိုစကားဝိုင်း |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၁၄) |
| ၂း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၃၇) |
| ၃း၄၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၄း၀၀ | Cartoon Series (English Playground) |
| ၄း၄၀ | ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၃၈) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၁၅) |
| ၈း၁၅ | ရသစုံညွှန်းတမ်းများ |
| ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၁၄) |
| ၁၀း၁၅ | Movie Talk [ဂီတလောကမှ ရုပ်ရှင်လောကသို့ကူးပြောင်းလာသော အနုပညာရှင်များ (အပိုင်း-၁၇)ဒုတိယပိုင်း] |
| ၁၀း၅၀ | MRTV-4 Stage |

## မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၂၀ | မေတ္တာပို့ |
| ၆း၂၅ | ဓမ္မပူဇာတေး |
| ၆း၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၄၅ | မျိုးချစ်တပ်မတော် |
| ၆း၅၀ | မှတ်တမ်း |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၂၀ | အမျိုးသားရေးတေးကဗျာ |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ရွှေဟောင်းသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ |
| ၈း၄၅ | မြဝတီနေ့စဉ်သတင်း |
| ၈း၅၅ | လှုပ်တစ်ပြက် |
| ၄း၂၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၄၀ | ဇာတ်လမ်းတို |
| ၄း၄၅ | ဗီစီဒီကျော်ကြားတေး |
| ၄း၅၀ | မွေးမြူသုတ |
| ၅း၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်းခြင်း အပိုင်း(၉၈) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၅ | ရင်ခုန်လှုပ်ရှားအားကစား |
| ၆း၃၅ | ကိုယ်ပျောက်လူသား |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သီးခြာချစ်လိပ်ပြာ အပိုင်း(၄၆) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ ဒို့တာဝန်အရေး(၃)ပါး နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မောင်မောင့်ချစ်သူလေဒီဒီဖိုင်နာ အပိုင်း(၁၁) |

## mitv

| | |
|---|---|
| 07:03 | Am News |
| 07:26 | A Glance At A Naga Family Life |
| 07:45 | A village where old traditions prevails |
| 08:26 | Shwe Maw Daw: The Glory Of Bago City |
| 08:52 | Porcelain and Glass |
| 09:26 | Shan Novices To Be……….. |
| 09:41 | A Pilgrimage To Prominent Pagoda In Pakokku |
| 09:53 | Creations of a Designer |
| 10:26 | News Extra: R.A.T Race |
| 10:50 | A Happy Visit to Zoological Garden (Nay Pyi Taw) |
| 07:26 | Five Treasures in the Ancient City Of Mrauk U |
| 07:43 | Mt. Naw Bu Baw |
| 07:53 | A Girl Guide |
| 08:25 | Orchidologist Dr. Saw Lwin |
| 08:47 | Myanmar Masterclass "Min Wae Aung" |

# တေးယွန်ဖွင့်ပြောလာတဲ့ သူ့အတွက်မမေ့နိုင်တဲ့နှစ်



တောင်ကိုရီးယား အမျိုးသမီးပေါ့ပ် တေးဂီတအဖွဲ့ "Girls' Generation"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယွန်က သူ့ရဲ့ဂီတလမ်းကြောင်းတစ်လျှောက်မှာ ၂၀၁၅ ခုနှစ်ဟာ မမေ့နိုင်တဲ့နှစ်တစ်နှစ်ဖြစ်တယ်လို့ ဒီဇင်ဘာ ၈ ရက်က OSENမဂ္ဂဇင်းနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ပြောကြားခဲ့တာကို စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

၂၀၁၅ ခုနှစ်ဟာ သူတို့ရဲ့ တေးဂီတအဖွဲ့ "Girls' Generation" ရဲ့ အအောင်မြင်ဆုံးနှစ်တစ်နှစ်ဖြစ်ပြီး သူ့အတွက် ဆုတံဆိပ်ပေါင်းများစွာရရှိစေခဲ့တဲ့ နှစ်လည်းဖြစ်တယ်လို့ တေးယွန်ကဆိုပါတယ်။ တေးယွန်ဟာ ယခုနှစ်အတွင်း ကျင်းပခဲ့တဲ့ ဆုပေးပွဲအသီးသီးကနေ ဆုတံဆိပ်ပေါင်း ၃၂ခု ရရှိခဲ့ပြီး အဖွဲ့အတွင်းမှာ ဆုအများဆုံး ရရှိထားတဲ့ အနုပညာရှင်ဖြစ်ပါတယ်။

ဒီနှစ်အတွင်း "Girls' Generation "ရဲ့ အောင်မြင်ခဲ့တဲ့ တေးသီချင်းတွေကတော့ "Party" နဲ့ "Lion Heart"ဖြစ်ပြီး ယခုနှစ်အတွင်းထွက်ရှိခဲ့တဲ့ တေးယွန်ရဲ့ တစ်ကိုယ်တော် မီနီတေးအယ်လ်ဘမ် "I"ဟာလည်း သူ့အတွက် အောင်မြင်မှုများစွာကို ယူဆောင်ပေးနိုင်ခဲ့ပါတယ်။

အေးပြည့် - ရေးသားသည်

# ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသီချင်း ၁၀၀ မှာ ပါဝင်လာတဲ့ PSY ရဲ့ Daddy

ပြီးခဲ့တဲ့သီတင်းပတ်အတွင်းက စတင်ထုတ်လွှင့်ခဲ့တဲ့ တောင်ကိုရီးယားကမ္ဘာကျော်တေးသံရှင် PSY ရဲ့ တေးသီချင်းသစ် "Daddy" ဟာ ဘေဘုတ်ပေါ်မှာရှိတဲ့ အကျော်ကြားဆုံးသော တေးသီချင်း ၁၀၀ အတွင်း ပါဝင်သွားပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ လတ်တလောမှာ အကျော်ကြားဆုံးသော တေးသီချင်းများအနက် "Daddy"ဟာ နံပါတ် ၉၇ နေရာမှာ ရပ်တည်နေပါတယ်။

ယခုကဲ့သို့ ဘေဘုတ်ရဲ့အကျော်ကြားဆုံးသော တေးသီချင်းစာရင်းမှာ ပါဝင်လာခဲ့ရခြင်းဟာ PSY အတွက်တော့ စတုတ္ထအကြိမ်မြောက်ဖြစ်ကာ တေးဂီတသမိုင်းတစ်လျှောက် သူဟာဘေဘုတ်မှာစာရင်းဝင်တဲ့ တစ်ဦးတည်းသော အာရှအနုပညာရှင်လည်းဖြစ်ပါတယ်။ ယခင်က ထုတ်လွှင့်ခဲ့တဲ့ သူ့ရဲ့တေးသီချင်းတွေဖြစ်တဲ့ "Gangnam Style"၊ "Gentleman" နဲ့ "Hangover" တို့ဟာလည်း ဘေဘုတ်ရဲ့အကျော်ကြားဆုံးသော တေးသီချင်းစာရင်းမှာ ပါဝင်ခဲ့ပါတယ်။ "Gangnam Style" ဟာ နံပါတ် ၂ နေရာမှာ ရပ်တည်ခဲ့ပြီး "Gentleman"မှာ နံပါတ် ၅နဲ့ "Hangover" မှာ နံပါတ် ၂၆ တို့မှာ အသီးသီးရပ်တည်ခဲ့ကြတာပါ။

"Daddy"ဟာ အခြားသော တေးဂီတဝက်ဘ်ဆိုက်တော်တော်များများမှာ အကျော်ကြားဆုံးသော တေးသီချင်းများအတွင်း ပါဝင်နေပါတယ်။ အီလက်ထရွန်နစ်နှင့် ဒစ်ဂျစ်တယ်အကနှင့်သီချင်းတွေထဲမှာ နံပါတ် ၁၂နေရာကို ရယူထားပြီး အကျော်ကြားဆုံးသော အီလက်ထရွန်နစ်အကနှင့် တေးသီချင်းဝက်ဘ်ဆိုက်မှာတော့ နံပါတ် ၆ နေရာမှာ ရှိနေပါတယ်။ တွစ်တာရဲ့ ရေပန်းစားနေသော တေးသီချင်း ၁၄၀အနက် နံပါတ် ၅ နေရာမှာရှိနေကာ ယူကျူဒေ့ါကွန်းပေါ်မှာတော့ အမှတ်စဉ် ၆ နေရာကို သိမ်းပိုက်ထားပါတယ်။

# ကြေးမုံရုပ်ရှင်အညွှန်း



## Diawale (2D)

ဒါရိုက်တာ Rohit Shetty ကရိုက်ကူးထားပြီး Red Chillies Entertainment မှ ထုတ်လုပ်ဖြန့်ချိထားသော အိန္ဒိယဇာတ်ကားဖြစ်သည်။ သရုပ်ဆောင် Shah Rukh Khan, Kajol, Kriti Sanon တို့ကပါဝင်အားထုတ် သရုပ်ဆောင်ထားပြီး ကြာမြင့်ချိန် ၁၅၈ မိနစ်ရှိသည်။

မိသားစုအတွင်း သဘောတူညီမှု၊ ညီညွတ်မှုသည် အားလပ်ချိန်များတွင်ဖြစ်ပွားခဲ့ပါသည်။ လူငယ် Max က အမှန်တရားကိုမြင်စေချင်သော သဘောဆန္ဒအရ ခရစ္စမတ်အချိန်အခါတွင် အိမ်သို့ပြန်ခဲ့ပါသည်။ ထိုသို့ဖြစ်ပါ၍ ပျော်ရွှင်မြူးတူးစိတ်ဓာတ်ကို ပျောက်ပျက်စေခြင်းဖြစ်၍ ကြီးမားသောဒေါသဖြစ်ပြီး ပြန်ခဲ့ရပါသည်။ အလွန်ပျော်ရွှင်စရာကောင်းသောအချိန်ကို ကျိုးပဲ့ပျက်စီးစေခဲ့သည့်အပြင် မိသားစုအတွင်း တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွားမှု ဖြစ်ခဲ့ပါသည်။ ထိုကဲ့သို့ပြဿနာများရှိသော မိသားစုများအနေဖြင့် ပြန်လည်တွန်းလှန်မှုပြုနိုင်မှ အသက်ရှင်သန်နိုင်မှုဖြစ်မည်ကိုရိုက်ကူးထားသော အက်ရှင်၊ ဟာသ ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ပြီး ဒီဇင်ဘာလအတွင်း ရန်ကုန်၊ မန္တလေးမြို့ကြီးများရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ပါသည်။

(Alez)

## GHOST SHIP (2D)



ဒီဇာတ်ကားကို ထိုင်းရုပ်ရှင်ထုတ်လုပ်ရေးတစ်ခုဖြစ်တဲ့ Five Star Production ကနေ ထုတ်လုပ်ပြီး ဒါရိုက်တာ Phontharis Chotkijsadarsopon ရဲ့ လက်ရာပါ။ သင်္ဘောတစ်စင်းပေါ်မှာ ကြုံတွေ့ရတဲ့ ချောက်ချားဖွယ်ရာဖြစ်ရပ်တွေကို စိတ်ဝင်စားဖွယ်ကြည့်ရှုရမယ့် သည်းထိတ်ရင်ဖိုဇာတ်ကားတစ်ကားအဖြစ် ပရိသတ်တွေအကြိုက်တွေ့စေမှာပါ။

ဇာတ်လမ်းအကျဉ်းအနေနဲ့ကတော့ ညသန်းခေါင်ယံမှာ သင်္ဘောဦးစီးနဲ့ သူ့ရဲ့လက်ထောက်တို့ဟာ သင်္ဘောဆိပ်ကနေ သင်္ဘောထွက်ခွာဖို့ ပြင်ဆင်နေကြတုန်းမှာ ထိတ်လန့်တုန်လှုပ်စရာအဖြစ်နဲ့ ကြုံတွေ့ကြရပါတယ်။ အဲဒါကတော့ သင်္ဘောပိုင်ရှင်ရဲ့ မိန်းမဖြစ်သူမီရာဟာ သင်္ဘောရွက်တိုင်ပေါ်မှာ ကြောက်မက်ဖွယ်ရာပုံစံနဲ့ ကြိုးဆွဲချသေဆုံးနေတာပါပဲ။ ဒီအဖြစ်ကိုမြင်ပြီး ချောက်ချားနေကြတဲ့ သင်္ဘောသားတွေကို သင်္ဘောဦးစီးက မကြောက်ဖို့အားပေးပြီး မီရာရဲ့အလောင်းကို ပင်လယ်ပြင်မှာပဲ စွန့်ပစ်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

သင်္ဘောဟာ ကမ်းကခွာပြီးတဲ့နောက် အင်ဂျင်ခန်းထဲမှာထားတဲ့ မီရာရဲ့အလောင်းဟာ ထူးဆန်းစွာနဲ့ပျောက်ဆုံးနေပါတော့တယ်။ မီရာရဲ့ဝိညာဉ်ဟာ သင်္ဘောကိုပျက်စီးအောင် အမျိုးမျိုးကြံစည်အားထုတ်ပြီး သင်္ဘောသားတွေကို ကြောက်လန့်အောင်ခြောက်လှန့်ပါတော့တယ်။ သူ့ရဲ့ခြောက်လှန့်မှုကနေ လွတ်မြောက်ဖို့ရာ တစ်ခုတည်းသော နည်းလမ်းကတော့ ရေထဲခုန်ချမှပဲဖြစ်မှာပါ။ အခြေအနေကို ပိုမိုဆိုးရွားစေတဲ့ အဖြစ်အပျက်ကတော့ မုန်တိုင်းတစ်ခုနဲ့ ကြုံတွေ့ရတာပါ။ သင်္ဘောပေါ်မှာ ခြောက်လှန့်နေတာတွေပျောက်ဖို့ မီရာရဲ့အလောင်းကိုတွေ့အောင်ပြန်ရှာရမှာပါ။ ဒါပေမယ့် ကြောက်လန့်ပြီး ဗျာများနေတဲ့ သင်္ဘောသားတွေဟာလည်း မီရာကို ဘယ်သူသတ်တာလဲဆိုတာ အချင်းချင်းမေးမြန်းစုံစမ်းဖို့ မေ့နေကြပုံတို့ကို ရိုက်ကူးတားတဲ့တုန်လှုပ်ချောက်ချားဖွယ် သည်းထိတ်ရင်ဖို ဇာတ်ကားတစ်ကားဖြစ်ပါတယ်။

အခြားရုပ်ရှင်ရုံတွေဖြစ်တဲ့ သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ(လှိုင်သာယာ)၊ ဝင်းလိုက်နဲ့ မင်္ဂလာထွန်းသီရိရုံတွေမှာ နေတိုးနဲ့ သက်မွန်မြင့် အဓိကပါဝင်သရုပ်ဆောင်ထားတဲ့ မြန်မာရုပ်ရှင်ဇာတ်ကားကြီး "နက္ခတ်မှားတဲ့တိုက်ပွဲ"ကို ဆက်လက်ရုံတင်ပြသမှာပါ။

နောက်ပြီး ပြီးခဲ့တဲ့အပတ်က ရုံတင်ပြသခဲ့တဲ့ The Good Dinosaur နဲ့ Victor Frankenstein ဇာတ်ကားကိုတော့ မင်္ဂလာ(၂)၊ နေပြည်တော် Cineplex၊ မင်္ဂလာစံပြနဲ့ မင်္ဂလာဒိုင်းမွန်းတို့မှာ ဆက်လက်ပြသမှာ ဖြစ်ပါကြောင်း ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် ရုပ်ရှင်အညွှန်းအနေနဲ့ တင်ဆက်လိုက်ရပါတယ်။

**ဖြိုးစန္ဒာမြင့်**

| ဒီဇင်ဘာ ၁၀ ရက် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ အနိုင်/အရှုံးရလဒ်များ | | | | |
|---|---|---|---|---|
| လေဗာကူဆင် | ၁ | - | ၁ | ဘာစီလိုနာ |
| ရိုးမား | ၀ | - | ၀ | ဘာတီ |
| ဒိုင်နမိုဇာဂရက် | ၀ | - | ၂ | ဘိုင်ယန်မြူးနစ် |
| အိုလံပီယာကော့စ် | ၀ | - | ၃ | အာဆင်နယ် |
| ဒိုင်နမိုကီယက်ဗ် | ၁ | - | ၀ | မက္ကာဘီတဲလ်အဗစ် |
| ချယ်လ်ဆီး | ၂ | - | ၀ | ပေါ်တို |
| ဗလန်စီယာ | ၀ | - | ၂ | လီယွန် |
| ဂျင့် | ၂ | - | ၁ | ဇင်းနစ် |

**မောင်မောင်ဇော်**

# မြင်းမူ၌ ကလပ်အသင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

**မြင်းမူ ဒီဇင်ဘာ ၁၀**

၂၀၁၅ ခုနှစ် မြင်းမူမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၈ ရက် ညနေပိုင်းက ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

စစ်ကိုင်းခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနခရိုင်ဦးစီးမှူး ဦးသန်းဌေးကိုက ပထမဆုရရှိသည့် မြင်းမူ(၃)အသင်းအားလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးကျော်ကျော်လင်းက ဒုတိယဆုရရှိသည့် မြင်းမူ(၁)အသင်းအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ဦးအောင်အောင်က ပထဆုရရှိသည့် မြင်းမူ(၃) အသင်းအား ဂုဏ်ပြုငွေကျပ်ငါးသောင်းကိုလည်းကောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးမှူး ဦးဝင်းလှိုင်က မြင်းမူ(၃)အသင်းမှ ကျောနံပါတ်(၄) မောင်ပိုက်အား ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**အောင်စိုးဖေ**

# ဗန်ဟားလ်ကြောင့်အနှစ်မဲ့လာတဲ့မန်ယူတိုက်စစ်




မန်ယူပရိသတ်တွေက မန်ယူနဲ့ အခြားပြိုင်ဘက်အသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်အတွင်း "တိုက်စစ်" "တိုက်စစ်"လို့အော်ကာ ကလပ်အသင်းရဲ့ တိုက်စစ်ပုံဖော်မှုကို သူတို့အနေနဲ့ လိုလားကြောင်း ပြသခဲ့ကြပါတယ်။ ဗန်ဟားလ်လက်ထက်မှာ မန်ယူတိုက်စစ်ကစားပုံကျဆင်းလာပေမယ့် ရလဒ်တွေကမဆိုးဘဲ အမှတ်ပေးဇယားထိပ်ကလက်စတာနဲ့ သုံးမှတ်သာ ကွာဟတဲ့အနေအထားပါ။ လက်ရှိအချိန်မှာ မန်ယူက ဝုဖ်ဘတ်ကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး ယူရိုပါလိဂ်နဲ့သာ ကျေနပ်ခဲ့ရသလို ပွဲချိန် ၁၀ မိနစ်မှာ မာရှယ်လ်သွင်းယူတဲ့သွင်းဂိုးတစ်ဂိုးသာ ရရှိခဲ့ကာ ၈၂ မိနစ်မှာ ဝုဖ်ဘတ်ကစားသမား ဂူလာဗိုဂူးပေးတဲ့ လက်ဆောင်ဂိုးတစ်ဂိုးကြောင့် နှစ်ဂိုးသွင်းယူနိုင်တဲ့ရလဒ်ဖြစ်လာတာဖြစ်ပါတယ်။ ဒါတောင် ဗန်ဟားလ်က မန်ယူက မနှစ်ကထက် ပိုကောင်းလာတယ်လို့ အကြောင်းပြချက်ပေးခဲ့ပါတယ်။

ဗန်ဟားလ်ကတော့ အသင်းပြန်လည် တည်ဆောက်ဆဲကာလမှာ တိုက်စစ်ထက်ခံစစ်ကို ဦးစားပေးတည်ဆောက်ရတာကြောင့် ရေတိုထက် ရေရှည်အကျိုးစီးပွားကိုသာ ကြည့်သင့်တယ်လို့ တုံ့ပြန်လိုက်ပါတယ်။ ယေဘုယျအားဖြင့် မန်ယူခံစစ် ကျစ်လျစ်တယ်လို့ ပေးဂိုးနည်းပါးမှုကို ကြည့်ပြီး အထင်ရောက်နိုင်ပေမယ့် တကယ်တမ်းတိုက်စစ်ကောင်းတဲ့ ပြိုင်ဖက်အသင်းတွေနဲ့တွေ့ရင် မန်ယူခံစစ်ကြောင်းလဲပြိုတာကို အာဆင်နယ်နဲ့ ပရီမီယာလိဂ်ပွဲ၊ ဝုဖ်ဘတ်နဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေကိုကြည့်ရင် ပရိသတ်တွေသိနိုင်မှာ ဖြစ်ပါတယ်။

မန်ယူရလဒ်မဆိုးရင်တောင် အမာခံပရိသတ်တွေက ရသဆန်တဲ့ ကစားဟန်ကိုသာ ကြည့်ရှုချင်တာကြောင့်မန်ယူအသင်းရဲ့တိုက်စစ်ကစားဟန်ကိုပဲ တောက်လျှောက်တောင်းဆိုခဲ့တာဖြစ်ပါတယ်။ မန်ယူရဲ့အသင်းခေါင်းဆောင် ဝိန်းရွန်းနီဆိုရင် ဘောလုံးအပေးအယူ၊ ဂိုးသွင်းယူမှုစတဲ့ အပိုင်းတွေအားလုံးမှာ အားနည်းနေတာတောင် ဗန်ဟားလ်က သူ့ကိုနောက်ဆုံးကစားခိုင်းတဲ့ ၁၃ ပွဲမှာ မိနစ် ၃၀ လောက်ပဲ ဝင်မကစားစေတာကိုကြည့်ရင် ဒီလိုအခြေအနေတွေကို နည်းပြတစ်ယောက်အနေနဲ့ သဘောတွေ့နေသလားလို့တောင် အထင်ရောက်စရာရှိပါတယ်။ မန်ယူက အခုနောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဝက်စ်ဟမ်းကို ဂိုးမရှိသရေကျပြီးနောက်မှာ ပရီမီယာလိဂ်ပေးဂိုးအနည်းဆုံး အသင်းအဖြစ် မှတ်တမ်းသစ်တစ်ခုကိုရေးထိုးနိုင်ခဲ့ပါတယ်။ မန်ယူအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ ၁၆ ပွဲမှာ ၁၃ဂိုးသာ ပေးခဲ့ရတာကြောင့် ပေးဂိုးမဲ့ပွဲ ၄၀ ရာခိုင်နှုန်းလောက်အထိရှိခဲ့ပါတယ်။

အရင်ကဆို မန်ယူရဲ့ ပြိုင်ဖက်တွေက မန်ယူရှေ့တန်းတိုက်စစ်သမားတွေသာ သတိထားထိန်းနေခဲ့ရပြီး သူတို့အကြောက်ဆုံးက မန်ယူရဲ့တိုက်စစ်မျိုးတွေပါ။ အခုတော့ ပြိုင်ဖက်ကစားသမားတွေ ကြောက်ရွံ့တာက မန်ယူရဲ့ ကျစ်လျစ်တောင့်တင်းတဲ့ ခံစစ်ကြောင်းကိုပဲဖြစ်နေပါတော့တယ်။ ဒါပေမယ့် ကွင်းလယ်ကစားကွက်သေချာတည်ပြီး ကစားတဲ့အသင်းနဲ့တွေ့ရင် မန်ယူနောက်တန်းလည်း ပွဲချိန်ပြည့်တောင့်မခံနိုင်ဘဲ ပွဲကတစ်ဖက်သတ်ဆန်တဲ့ ရလဒ်တွေသာ ပေါ်ထွက်လာတာတွေ့ရမှာ ဖြစ်ပါတယ်။

ဗန်ဟားလ်ရဲ့ နည်းဗျူဟာပိုင်းက တိုက်စစ်သမားတွေကို ခြေကျစေသလားဆိုတာ မန်ယူတိုက်စစ်ကစားသမားတွေရဲ့ ခြေစွမ်းပိုင်းကိုကြည့်ရင် သိနိုင်ပါတယ်။ အရင်က ဒီမာရီယာဟာ ရီးယဲလ်မှာခြေစွမ်းပြသနိုင်ခဲ့သလို၊ အခု ပီအက်စ်ဂျီမှာလည်း သူရဲ့ပေးပို့မှုတွေက တော်တော်လေးအလုပ်ဖြစ်ပါတယ်။ ဒါပေမယ့် ဗန်ဟားလ်ပုံဖော်တဲ့ကစားကွက်မှာတော့ သူရဲ့ ကောင်းမွန်တဲ့ ဖန်တီးမှုစွမ်းရည်၊ ဂိုးသွင်းစွမ်းရည်တွေ အားလုံးက ရပ်တန့်သွားခဲ့သလို အခုမာရှယ်လ်လည်း ဒီမာရီယာအတိုင်းပဲ ဖြစ်လာပြန်ပါပြီ။ မာရှယ်လ်က အရင်က ပြိုင်ဖက်နောက်တန်းကစားသမားတွေကို တစ်ပွဲမှာ ပျမ်းမျှ ၄ ဒသမ ၄ရာခိုင်နှုန်းလောက် ဖြတ်ကျော်နိုင်ခဲ့ပေမယ့် အခုနောက်ဆုံးကစားခဲ့တဲ့ ပွဲမှာ အောင်မြင်အောင် အရင်စွမ်းရည်တွေထက် ၅၄ ရာခိုင်နှုန်းလောက်ကျဆင်း လာတာကိုတွေ့ရပါတယ်။

ဗန်ဟားလ်ကတော့ သူဟာ အရင်အေဂျက်စ်ကို ကိုင်တွယ်စဉ်က တိုက်စစ်ဦးစားပေးကစားဟန်နဲ့ ချန်ပီယံလိဂ်ဖလားကိုတောင်ရယူပေးခဲ့တာဖြစ်ပြီး အခုလို ခံစစ်ကစားဟန်ကို ပြောင်းလဲကျင့်သုံးရတာက အခြေအနေနဲ့ အချိန်အခါကို လိုက်ပြီး တည်ဆောက်ပေးရတာဖြစ်တယ်လို့ ပြန်လည်ချေပခဲ့ပါတယ်။ ဖာဂူဆန်လက်ထက်မန်ယူဟာ ၁၁၆ပွဲမှာမှ ပေးဂိုးမဲ့ တစ်ပွဲစဉ်တောင်မရှိခဲ့တာထက်စာရင် အခုနောက်ဆုံးကစားခဲ့တဲ့ ၁၀ပွဲမှာ ငါးပွဲတောင် ပေးဂိုးလုံးဝမရှိခဲ့တာကအများကြီးပိုကောင်းပါတယ်လို့နှိုင်းယှဉ်ပြခဲ့ပါတယ်။

ဒါကြောင့် ဝက်စ်ဟမ်း၊ ဝုဖ်ဘတ်နဲ့ ပွဲတွေမှာ တစ်ချိန်လုံး"တိုက်စစ်" "တိုက်စစ်"နဲ့ အော်နေတာက ပကတိအခြေအနေကို နားမလည်လို့သာ ဖြစ်တယ်ဆိုပြီး တုံ့ပြန်ခဲ့ပါတယ်။ ဗန်ဟားလ်က" ကျွန်တော်တို့ အသင်းက တိုက်စစ်နဲ့ကစားနေခဲ့တာပါ။ ပြိုင်ဘက်အသင်းရဲ့ ကစားကွက်ပေါ်မူတည်ပြီး အခုလို ရလဒ်တွေထွက်လာတာ"လို့ဆိုခဲ့ပါတယ်။ ဝက်စ်ဟမ်းနဲ့ ပွဲမှာ ဘောလုံးပိုင်ဆိုင်မှုက ၆၂ရာခိုင်နှုန်းရှိခဲ့သလို ဂိုးပေါက်ခြိမ်းခြောက်မှု အနည်းဆုံး၂၁ကြိမ်ရှိခဲ့ပြီး ကံမကောင်းခဲ့လို့သာ သရေရလဒ်ထွက်ပေါ်ခဲ့တာလို့ ထောက်ပြခဲ့ပါတယ်။

ဗန်ဟားလ်ကျင့်သုံးတဲ့ ဘောလုံးသီအိုရီအရ ပြိုင်ဖက်အသင်းတွေ သိပ်ကောင်းနေရင် သူတို့ရဲ့ တိုက်စစ်ပိုင်းကိုဖြတ်တောက်ဖို့ ခံစစ်၊ တိုက်စစ်ကွင်းလယ်ကစားသမားတွေ အားလုံးက ကြိုးပမ်းရမှာဖြစ်တယ်လို့ ဆိုထားတာကြောင့် တိုက်စစ်ကစားသမားကလည်း နောက်တန်းကိုသာ ဆင်းကူနေရလို့ ဘောလုံးကကွင်းလယ်မှာသာ အပျက်များ နေခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူ့လက်ထက်မှာ ဗန်ပါစီ၊ ဟာနန်ဒက်ဇ်၊ ဖယ်လ်ကာအို၊ ရွန်းနီ၊ မာရှယ်လ်၊ ဒီပေးတို့ အကုန်လုံးဖန်တီးနိုင်မှုကျဆင်းလာတာကို တွေ့ရမှာပါ။ လက်ရှိမှာ နေမာ၊ စီရိုနယ်လ်ဒိုတို့ကို ခေါ်ယူချင်တယ်လို့ ဆိုထားပေမယ့် ဒီကစားသမားတွေကိုလည်း ခေါ်ယူဖို့ မလွယ်သလို သူတို့ရောက်လာရင်လည်း ဗန်ဟားလ် ရဲ့ နည်းဗျူဟာအရ မန်ယူတိုက်စစ်အရင်ကလို ပြန်ပြီးကောင်း လာမလားဆိုတာ မရေရာတဲ့အဖြေတစ်ခုအဖြစ်ပဲရှိနေပါ သေးတယ်။

**မေလှဲ့သင်း**

# ဂျူဗင်တပ်နဲ့ဖီအိုရင်တီးနား၊ နာပိုလီနဲ့ ရိုးမားတို့ ဆုံတွေ့မယ်...

## စီးရီးအေရင်ခွန်သံ – ၁၆

အီတလီစီးရီးအေပြိုင်ပွဲရဲ့ပွဲစဉ် ၁၆ကို ဒီဇင်ဘာ ၁၂၊ ၁၃၊ ၁၄၊ ၁၅ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ဂျူဗင်တပ်နဲ့ဖီအိုရင်တီးနား၊ နာပိုလီနဲ့ရိုးမားတို့ဆုံတွေ့တဲ့ ပွဲစဉ်တွေပါဝင်နေလို့ စိတ်ဝင်စားဖို့ကောင်းနေသလိုအကြိတ်အနယ်ရှိမယ့် ပွဲစဉ်တစ်ခုလည်းဖြစ်လာဖို့ရှိနေပါတယ်။

**ရှိုင်းမင်းမင်း**



**ဂျီနိုအာ - ဘိုလော့နာ** ည-၈း၃၀ (၁၂-၁၂-၁၅)

ဂျီနိုအာရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုအားနည်းတယ်လို့ဆိုနိုင်ပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေပုံမှန်မရှိပါဘူး။ ဒါပေမယ့်သတိပြုရမှာက ဂျီနိုအာဟာ အိမ်ကွင်းပွဲစဉ်တွေမှာ မထင်မှတ်ဘဲရလဒ်ကောင်းတတ်သလို ဘိုလော့နာခြေကလည်း အားနည်းနေပါတယ်။

**ပါလာမို - ဖရိုစီနိုနီ** ည ၁၁း၃၀ (၁၂-၁၂-၁၅)

ဖရိုစီနိုနီက လက်ရှိအချိန်မှာခြေစွမ်းမဆိုးဘူးဆိုပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာတော့ အားနည်းတတ်ပါတယ်။ အခုအချိန်အထိ အဝေးကွင်းနိုင်ပွဲလုံးဝမရသေးပါဘူး။ ပါလာမိုက လက်ရှိအချိန်မှာ ခြေငြိမ်ပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးကစားသွားမှာပါ။

**ဆာစူအိုလို - တိုရီနို** ည ၁၁း၃၀ (၁၂-၁၂-၁၅)

ဆာစူအိုလိုက ဒီရာသီမှာခြေစွမ်းမဆိုးဘူးလို့ဆိုနိုင်တယ်။ အထူးသဖြင့် ဆာစူအိုလိုဟာအိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံပိုကောင်းတတ်ပြီး အခုအချိန်အထိ အိမ်ကွင်းရှုံးပွဲမရှိသေးဘူး။ တိုရီနိုကလည်းအခုနောက်ပိုင်း ကစားပုံမဆိုးပေမယ့် အဝေးကွင်းအားနည်းတတ်တယ်။ ဆာစူအိုလိုကပ်နိုင်ခြေရှိတယ်။

**အူဒီးနီးစ် - အင်တာမီလန်** နံနက် ၂း၁၅ (၁၃-၁၂-၁၅)

ဒီရာသီမှာအင်တာမီလန်ရဲ့အသင်းလိုက်ကစားပုံ အတော်လေးကောင်းပါတယ်။ တိုက်စစ်ပိုင်းကဂိုးသွင်းခြေ မတည်ငြိမ်ဘူးဆိုပေမယ့် အူဒီးနီးစ်ခြေကလည်း သာမန်ထက်မပိုပါဘူး။ အထူးသဖြင့်အူဒီးနီးစ်ရဲ့တိုက်စစ်ပိုင်းကလည်းတည်ငြိမ်မှုအားနည်းလို့ အင်တာမီလန်ဂိုးနည်းနည်းနဲ့ကပ်နိုင်သွားမှာပါ။

**ချီယေဗို - အတ္တလန္တာ** ည ၈း၃၀ (၁၃-၁၂-၁၅)

အတ္တလန္တာက ဒီရာသီမှာခြေစွမ်းပိုင်း ပုံမှန်အောက်ရောက်နေပါတယ်။ အထူးသဖြင့် အတ္တလန္တာရဲ့တိုက်စစ်က အဝေးကွင်းပွဲစဉ်တွေမှာ ဂိုးသွင်းနှုန်းကသိသိသာသာကျဆင်းတတ်ပါတယ်။ ချီယေဗိုခြေသာမန်သာ ရှိပေမယ့် အိမ်ကွင်းဖြစ်ပါတယ်။ အတ္တလန္တာသရေထက်မပိုနိုင်သလို ဂိုးလည်းနည်းမယ်။

**အမ်ပိုလီ - ကာပီ** ည ၈း၃၀ (၁၃-၁၂-၁၅)

ကာပီရဲ့အသင်းလိုက်ကစားပုံတိုးတက်မှုအနည်းငယ်ရှိလာပေမယ့် ခံစစ်ပိုင်းအားနည်းမှုကိုဖြေရှင်းနိုင်ခြင်း မရှိသေးပါဘူး။ အမ်ပိုလီက အခုနောက်ပိုင်းခြေစွမ်းတည်ငြိမ်မှုရလာသလိုအိမ်ကွင်းအားနဲ့လည်းဖိအားပေးသွားမှာပါ။ ကာပီတို့အမှတ်ရဖို့ကြိုးစားမှာဖြစ်ပေမယ့် အမ်ပိုလီပဲနိုင်ပွဲရမယ်။

**အေစီမီလန် - ဗီရိုနာ** ည ၈း၃၀ (၁၃-၁၂-၁၅)

ဒီနောက်ပိုင်းမှာအေစီမီလန်ခြေစွမ်းပိုင်းတိုးတက်ကောင်းမွန်လာတယ်။ တိုက်စစ်ပိုင်းကလည်းဂိုးသွင်းခြေရနေသလိုအိမ်ကွင်းပွဲစဉ်တွေမှာလည်း ကစားပုံပိုကောင်းတတ်တယ်။ အခုအချိန်အထိ အိမ်ကွင်းအရှုံးတစ်ပွဲသာရှိသေးလို့ ခြေသာမန်သာရှိတဲ့ ဗီရိုနာကိုဖိအားပေးနိုင်မှာပါ။

**နာပိုလီ - ရိုးမား** ည ၁၁း၃၀ (၁၃-၁၂-၁၅)

စီးရီးအေရဲ့အသင်းကောင်းနှစ်သင်းဆုံတွေ့ပွဲဆိုပေမယ့် လက်ရှိအချိန်မှာနာပိုလီက ခြေစွမ်းပိုင်းပိုမိုတည်ငြိမ်မှုရှိတယ်။ ဒါ့အပြင်ရိုးမားဟာ အဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းက ကျဆင်းတတ်လို့ နာပိုလီကိုပွဲချိန်ပြည့်တောင့်ခံနိုင်ဖို့ဆိုတာခက်တယ်။ ရိုးမားတို့အမှတ်ရအောင်အားစိုက်မှာဖြစ်ပေမယ့်နာပိုလီသာကပ်နိုင်မယ်။

**ဂျူဗင်တပ် - ဖီအိုရင်တီးနား** နံနက် ၂း၁၅ (၁၄-၁၂-၁၅)

ဖီအိုရင်တီးနားရဲ့ခြေစွမ်းပိုင်းက လျှော့တွက်ဖို့ခက်တယ်။ အဝေးကွင်းဖြစ်ပေမယ့်ဖီအိုရင်တီးနားရဲ့ အားထုတ်မှုနဲ့စွမ်းဆောင်ရည်ကကွာဟမှုမရှိဘူး။ ဂျူဗင်တပ်က ခြေပြန်တည်ငြိမ်လာသလိုအိမ်ကွင်းဖြစ်ပေမယ့် ဖီအိုရင်တီးနားရဲ့တုံ့ပြန်မှုကိုထိန်းဖို့ခက်မယ်။ ဂျူဗင်တပ်တို့သရေနဲ့သာကျေနပ်ရနိုင်တယ်။

**လာဇီယို - ဆမ်ဒိုးရီးယား** နံနက် ၂း၁၅ (၁၅-၁၂-၁၅)

လာဇီယိုကခြေပျက်ယွင်းနေပြီး အခုနောက်ပိုင်းမှာ အိမ်ကွင်း၊အဝေးကွင်းမရွေးရှုံးပွဲတွေနဲ့ကြုံတွေ့နေတယ်။ ဒါပေမယ့်ဆမ်ဒိုးရီးယားကလည်း ဒီရာသီမှာခြေစွမ်းပျက်ယွင်းနေပြီး အဝေးကွင်းပွဲစဉ်တွေမှာ အခုအချိန်အထိနိုင်ပွဲမရသေးဘူး။ အိမ်ကွင်းမှာအမှတ်ပြည့်ပြန်ရဖို့ကြိုးစားလာမယ့်လာဇီယိုပဲနိုင်ပွဲပြန်ရမယ်။

## ပြည်တွင်း

# လားရှိုး၊ သာကေတနှင့် လှိုင်လင်ပြိုမြို့နယ်များတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၆ ရက်က လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာနေ အီးတီ(ခ) အိုက်ထွန်း၏နေအိမ်ကိုရှာဖွေရာ မြန်မာငွေကျပ် ၇၉ သိန်းနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၅၂ ပြားတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ဒီဇင်ဘာ ၈ ရက်က သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် ရတနာလမ်းမ ဇေယျဝတီ(၆) လမ်းထိပ်တွင် လမ်းလျှောက်လာသူ အေးမင်းသူ(ခ)စာကလေးအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချခိုင်းသူ ရဲမြင့်အောင်(ခ)ခြင်မကိုက်အား သလ္လာဝတီ(၇) လမ်းထိပ်တွင် တွေ့ရှိဖမ်းဆီးရမိသည်။

ဒီဇင်ဘာ ၈ ရက်က နမ့်စန်ဘက်မှ တောင်ကြီးဘက်သို့ ရွှေမြင့်မိုရ်ခရီးသည်တင်မော်တော်ယာဉ်လိုင်းမှ ဝင်းတင့်မောင်းနှင်လာသည့် ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၉၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**



**အီးတီ(ခ) အိုက်ထွန်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# အရှိန်မထိန်းနိုင်သောယာဉ်က ပိတ်ထားသည့် ရထားသံလမ်းဂိတ်နှင့် ရထားစက်ခေါင်းအား ဝင်တိုက်မိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်ကြင်းကန်ဘူတာနှင့် ရမည်းသင်းဘူတာကြား မိုင်တိုင်အမှတ်(၂၇၆/၂၀) ရထားသံလမ်းကူးဂိတ်တွင် ဒီဇင်ဘာ ၇ ရက် ည ၉ နာရီခွဲခန့်က ကားနှင့် ရထားတိုက်မိမှုဖြစ်ပွားကြောင်း ရမည်းသင်းမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ အမှတ်(၄) ရန်ကုန်-မန္တလေး အစုန်ရထားလာနေသဖြင့် သံလမ်းဂိတ်တံခါးအား ပိတ်ထားစဉ် မန္တလေးမှ ရန်ကုန်သို့ မိုးကုတ်မြို့ ပိတ်စွယ်ရပ်ကွက်နေ စိုးလင်းမောင်းနှင်လာသော MDY 4K----- TOYOTA Mark -II ယာဉ်က အရှိန်မထိန်းနိုင်ဘဲ ရထားသံလမ်းဂိတ်တံခါးနှင့် အမှတ်(၄) အစုန်ရထားစက်ခေါင်းတို့အား တိုက်မိခဲ့ရာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ သံလမ်းဂိတ်တံခါးနှင့် ရထားစက်ခေါင်း ဝဲဘက်ဘန်ဘာတို့ ပျက်စီးခဲ့သဖြင့် စိုးလင်းအား ရမည်းသင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# မီးသွေးအရောင်းအဝယ်လုပ်ရာမှ မကျေနပ်၍ လူသတ်မှုဖြစ်

**ရေတာရှည် ဒီဇင်ဘာ ၁၀**

တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဆွာမြို့မအနောက်မြောက်ဘက် ၁၅ မိုင်ခန့်အကွာ ရေငန်းကျေးရွာအုပ်စု ဂုံမင်းမြောင်ကျေးရွာ၌ ဒီဇင်ဘာ ၇ ရက် ည ၇ နာရီခန့်က ထင်းမီးသွေး အရောင်းအဝယ်လုပ်ကိုင်ကြရင်း အချိန် အတွယ်ကိစ္စရန်ဖြစ်စကားများရာမှ အမျိုးသားတစ်ဦး သေဆုံးသွားကြောင်း ဆွာနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယင်းကျေးရွာနေ ကိုမျိုးသည် ၎င်း၏နေအိမ်တောင်ဘက် နှစ်ဖာလုံခန့်အကွာရှိ ကိုလှမြင့်၏ နေအိမ်ရှေ့လမ်းပေါ်တွင် အရက်မူးကာ ဆဲဆိုနေသဖြင့် ကိုလှမြင့်၏ ဇနီးဖြစ်သူ မချိုက 'ဘယ်သူ့ကို ဆဲတာလဲ'ဟုမေးစဉ် ကိုလှမြင့်နှင့် ရန်ဖြစ်စကားများကာ လုံးထွေးသတ်ပုတ်ခဲ့ကြောင်း၊ အနီးရှိလူများက ဖျန်ဖြေပေးခဲ့ပြီးနောက် ကိုလှမြင့်နှင့် ဆွေမျိုးတော်စပ်သူများဖြစ်သည့် စိမ့်ဝိုင်းရွာနေ အောင်နိုင်၊ ခုနစ်မိုင်ကျေးရွာနေသူများဖြစ်သည့် ဖိုးဖြူ၊ ပျော့ကြီးတို့က ဝိုင်းဝန်းထိုးကြိတ်ခဲ့ပြီး ကိုမျိုးမှာ လဲကျသွားခဲ့သည်။

ထို့နောက် ကိုမျိုးအား ဇနီးဖြစ်သူက တဲသို့ပြန်ခေါ်သွားစဉ် ရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆွာနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရမည်းသင်းမြို့နယ် ထီးလှိုင်အလယ်တန်းကျောင်း(ခွဲ)၌ မိလ္လာကျင်းပြိုကျ၍ ကျောင်းသားတစ်ဦးသေဆုံး

**ရမည်းသင်း ဒီဇင်ဘာ ၁၀**

ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာ အလယ်တန်းကျောင်း(ခွဲ)တွင် ဒီဇင်ဘာ ၇ ရက် ည ၉ နာရီခန့်က ကျောင်းသားတစ်ဦး မိလ္လာကျင်းအတွင်း ပြုတ်ကျသေဆုံးကြောင်း ရမည်းသင်းမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မောင်သီဟမင်း(၅)နှစ်(သူငယ်တန်း)သည် အတန်းဖော် ဟိန်းဇေမာန်(၅)နှစ်နှင့်အတူ အတန်းပိုင်ဆရာမ ဒေါ်လဲ့လဲ့ဝင်းထံ ခွင့်တောင်းကာ ကျောင်းဝင်းအိမ်သာသို့ သွားရောက်စဉ် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် အိမ်သာဘက်မှ ပြိုကျသံကြား၍ ဒေါ်လဲ့လဲ့ဝင်းက သွားရောက်ကြည့်ရှုရာ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အနက် ၁၀ ပေ၊ ရေအနက် ခုနစ်ပေရှိ မိလ္လာကျင်းမှာ ပြိုကျနေပြီး ကလေးတစ်ဦး၏လက်အား မြင်ရသဖြင့် ပတ်ဝန်းကျင်သို့ အကူအညီတောင်းပြီး ဆယ်ယူခဲ့သည်။

ဟိန်းဇေမာန်ကို ဆယ်ယူရရှိခဲ့ပြီး သီဟမင်းမှာ ရေနစ်သေဆုံးနေသည်ကို တွေ့ရသည်။ မောင်ဟိန်းဇေမာန်နှင့် မောင်သီဟမင်းတို့အား ရမည်းသင်းဆေးရုံသို့ ပို့အပ်ပြီး မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# အရက်မူး၍ မိမိကိုယ်ကို ဓားဖြင့်ထိုးကာ သေဆုံး

**အောင်လံ ဒီဇင်ဘာ ၁၀**

အောင်လံမြို့နယ် သမ္ဘူလအုပ်စု သက္ကယ်ပြင်ကျေးရွာတွင် အရက်မူးနေသူတစ်ဦးက မိမိကိုယ်ကို ဓားဖြင့်ထိုး၍ သေဆုံးမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်အား စစ်ဆေးရာ ဒီဇင်ဘာ ၆ ရက် ည ၁၀ နာရီခန့်က အောင်မျိုးခိုင်၏ နေအိမ်ပေါ်တွင် သန်းကိုအောင်မှာ အရက်အလွန်အကျွံမူးနေပြီး အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားမြောင်ဖြင့် မိမိကိုယ်ကိုထိုးသွင်းနေသဖြင့် အောင်မျိုးခိုင်က ဦးထွေးတင်ထံ သွားရောက်သတင်းပို့ခဲ့ပြီး သန်းကိုအောင်မှာ ယင်းဒဏ်ရာဖြင့် ည ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် သေဆုံးသွားကြောင်းနှင့် ယင်းအမှုအား ရွှေပန်းတော နယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သင်းလွင်(အောင်လံ)**

# ကျင်စက်ဖြင့် ငါးရှာစဉ် ဓာတ်လိုက်သေဆုံး

**ငဖဲ ဒီဇင်ဘာ ၁၀**

ငဖဲမြို့နယ် သာယာကုန်းရွာအရှေ့ဘက် နှစ်မိုင်ခန့်အကွာရှိ မန်းချောင်းအတွင်း ဒီဇင်ဘာ ၉ ရက်က ကျင်စက်ဖြင့် ငါးရှာသည့် အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းဘူးခရိုင် ငဖဲမြို့နယ် သာယာကုန်းကျေးရွာနေ ခင်မောင်ဝင်းသည် ဒီဇင်ဘာ ၉ ရက်က မန်းချောင်းအတွင်း ကျင်စက်ဖြင့် ငါးရှာစဉ် ရေချော့ဖြစ်၍ ဓာတ်လိုက်ပြီး သေဆုံးခဲ့သဖြင့် ငဖဲမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**

# မကွေးပြည်သူ့ဆေးရုံဝင်း ရင်ခွဲရုံဟောင်း မီးလောင်မှုဖြစ်ပွား

**မကွေး ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ရင်ခွဲရုံဟောင်းတစ်လုံး ဒီဇင်ဘာ ၉ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါအဆောက်အအုံမှာ သွပ်မိုး၊ အုတ်ကာ အလျား ပေ ၄၀၊ အနံ ပေ ၂၀ ရှိ တစ်ထပ်အဆောက်အအုံ (ဆေးရုံကြီးကြပ်မှုကော်မတီပိုင်)ဖြစ်ကာ ရင်ခွဲရုံအဖြစ် နှစ် (၄၀) ခန့် အသုံးပြုခဲ့ပြီး အသုံးမပြုသည်မှာ ငါးနှစ်ခန့်ကြာပြီဖြစ်၍ ဆေးရုံမှ စွန့်ပစ်ပစ္စည်းများကို စုပုံထားရှိခဲ့ခြင်းဖြစ်ပြီး ဘေးအမှိုက်ပုံမှတစ်ဆင့် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်ကျွမ်းရာသို့ မကွေးခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးတို့၏ ဦးဆောင်မှုဖြင့် မီးသတ်ယာဉ်ငါးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ မကွေးမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ရေနံချောင်းမြို့နယ်တွင် ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ

**ရေနံချောင်း ဒီဇင်ဘာ ၁၀**

ရေနံချောင်းမြို့နယ် ညောင်လှရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းမကြီး မိုင်တိုင်အမှတ် (၃၅၈/၂)အနီးတွင် ဒီဇင်ဘာ ၈ ရက် ညနေပိုင်းက ဆိုင်ကယ်နှင့် ကား မျက်နှာချင်းဆိုင်တိုက်မိခဲ့၍ လူတစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ရေနံချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၄ နာရီခွဲက မကွေးမြို့မှ ရေနံချောင်းမြို့သို့ ရေနံချောင်းမြို့ ခလရ(၇၇)ဌာနချုပ် တပ်ခွဲမှ တပ်သားမိုးတင့်ဝေ စီးနင်းလာသော နံပါတ်မပါ CZI 125 ဆိုင်ကယ်အား ၎င်းလမ်းအတိုင်း ရေနံချောင်းမြို့မှ မကွေးမြို့သို့ ခင်မောင်သိန်း မုံရွာမြို့နေသူ မောင်းနှင်လာသည့် 7F/----- တိုယိုတာဟိုက်အေ့စ် ခရီးသည်တင်ယာဉ်မှ တစ်ဖက်ယာဉ်ကြောအတွင်းသို့ ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မိမှုကြောင့် တပ်သားမိုးတင့်ဝေတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သဖြင့် ယာဉ်မောင်း ခင်မောင်သိန်းအား ရေနံချောင်းမြို့နယ် ညောင်လှနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**


**ပြင်ဆင်ဖတ်ရှုပါရန်**

၉-၁၂-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၆)၌ပါရှိသော ဦးခင်မောင်ရင် တရားလွှတ်တော်ရှေ့နေ အများသိစေရန် ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း ကြော်ငြာခေါင်းထိပ်၏ ရက်စွဲအား ၂၂-၁၁-၂၀၁၅ ဟုပြင်ဆင်ဖတ်ရှုပါရန်။

**မျိုး** 380164 09 5017088 09250640699

ခရီးစဉ်အမျိုးမျိုးနှင့်လစဉ်ကားများ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

**ယာဉ်မောင်းအလိုရှိသည်**

ရန်ကုန်မြို့တွင်း မောင်းရမည်။

လိုင်စင် ၅နှစ်အထက်

လစာ 200000-250000

Ph: 09-97189915

တက္ကသိုလ်ဝင်တန်း

**Top Ten** ဝင်လိုသူများအတွက်

မြန်မာစာ၊ အင်္ဂလိပ်စာသည် ကျက်စာ လုံးဝမဟုတ်ပါ။

မြန်မာစာ၊အင်္ဂလိပ်စာ(၃)လပြတ်ဂုဏ်ထူး အာမခံအိမ်အရောက်သင်ကြားပေးမှု

Ph09-975021415,09-975021416

**နှစ်(၂၀)မြောက် ကြွေရတုမင်္ဂလာဆုတောင်း**

ရဲအုပ် ငွေအောင်-ဒေါ်ခင်အေးမြင့် (SSAE)တို့၏ ၉-၁၂-၂၀၁၅ ရက်တွင် ကျရောက်သော နှစ်(၂၀)မြောက် ကြွေရတုမင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာ သက်ဆုံးတိုင်မိသားစုနှင့်အတူ ပျော်ရွှင်စွာဖြင့် လက်တွဲလျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်။

**ချစ်တပည့်များနှင့်**

**ချစ်သမီးကြီး-မမေသက်ခိုင်(ခ)အေးမြမြငွေအောင်**

B.Bsc (**နောက်ဆုံးနှစ်၊ သန်လျင်**)

**ချစ်သမီးငယ်-အေးချမ်းမြတ်ဖြိုး**(Grade-8၊ **အထက-၂၊ ဒဂုံ**)

**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၉)ရပ်ကွက်၊ အမှတ်(၅၅၆)၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ပါမစ်မြေကို ဦးကျင်ချန် [၁၃/တယန(နိုင်)၀၃၀၈၂၆]က ဦးစောချစ်လွန်း အမည်ပေါက် ပါမစ်မြေအား လက်ရှိထားပိုင်ဆိုင်နေကြောင်း ပြန်လည်ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ တန်ဖိုးငွေတချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်ဆင့်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

**ဒေါ်အေးအေးချို (စဉ်-၇၈၂၈)**

**(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်-(၁၂၆) (ပထမထပ်)၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၅၂၇၈၃၉၄၊ ၀၁-၅၅၅၉၁၃**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်-စက်မှုဇုန်(၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၆၃)၊ မြေကွက်အမှတ်(၁၃၈၄)၊ ဧရိယာ(၀. ၀၅၅)ဧက၊ လှိုင်မြစ်လမ်းရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ အရောင်းအဝယ်စာချုပ်အမှတ် (၃၅၅၀/၁၅)ဖြင့် ပိုင်ဆိုင်သော ဒေါ်ပွင့်ဦးလှိုင် [၁၂/တမန(နိုင်)၀၀၁၃၇၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီ၍ စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်စမ်းစမ်းဦး(ဥပဒေဘွဲ့) | ဦးဇော်မင်း(ဥပဒေဘွဲ့) |
| (စဉ်-၅၀၆၇) | (စဉ်-၂၆၆၂) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေနှင့် |
| | ကုမ္ပဏီများ၏ဥပဒေအကြံပေး |

ရုံး-**Winner Firm**၊ အမှတ်-၆၂ (ပ)ထပ်၊ အခန်း(၇)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ **Ph:09-5141985, 09-5157683, 01-290364**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးစံကျော်အောင်[၁၂/သကတ(နိုင်)၁၀၈၁၄၄]၏ သဘောသားလုပ်သက်မှတ်တမ်းစာအုပ်နှင့် ဒု-ရေယာဉ်အုပ်လက်မှတ် အမှတ်(ဆဒ-၅၇၆/၁၄) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၂၅၀၇၉၃၇၃၉



*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

အနောက်ပြင်ကျောင်းတိုက်များသည် အိမ်တော်ရာဘုရားအနောက်ဘက်တွင် တောင်မြောက်ကျောင်းတိုက်အကွက်ကြီးများအဖြစ် တွေ့ရသည်။ အိမ်တော်ရာမြောက် ၂၆လမ်း မြောက်ဘက်တွင် ဆင်တဲတိုက်သစ်၊ ၎င်းမှ အိမ်တော်ရာအနောက်ဘက်မြောက်မှ တန်းစီဖော်ပြရလျှင် ငွေးချိုတိုက်၊ မိုးကောင်းတိုက်၊ ထီးလင်းတိုက်၊ ပုဂံတိုက်၊ ၎င်းကျောင်းတိုက်များအနောက်ဘက်တွင် ခင်မကန်တိုက်၊ စကုတိုက်၊ မေဃဝတီ(တောင်သမန်)တိုက်၊ ၂၆ လမ်းဘက် မြောက်ပြန်သွားပြီး ချမ်းသာကြီးဘုရားရောက်လျှင် ချမ်းသာကြီးကျောင်းတိုက်၊ မြောက် ၂၂ လမ်း ရွှေပန်းမြိုင်တိုက်၊ မင်းတဲအီကင်း တောင်တွင်းကြီးကျောင်းတိုက်၊ စောလှတိုက် တစ်ဖန်အိမ်တော်ရာဘုရား ပြန်လာလျှင် တောင်ဘက်မုခ် စောင်းတန်းတောင်ဘက်၌ ဒက္ခိဏဝံတိုက်၊ ထိုမှ ပြည်ကြီးပျော်ဘွယ်ရပ်ကွက်များကိုကျော်၍ ဒေးဝန်းဘက် ကူးလာလျှင် ဒေးဝန်းအနောက်ပိုင်း သင်္ဂဇာချောင်း အရှေ့ဘက်လမ်းထိပ်၌ သင်္ဂဇာဆရာတော်၏ ရတနာပုံခေတ် သင်္ဂဇာကျောင်းတိုက်၊ အကောက်ခွန်ဝန်မင်းကျောင်းတိုက်၊ ဒေးဝန်းအရှေ့တက်လာလျှင် ၃၅ လမ်း တောင်ဘက် ရွှေတချောင်း အနောက်ဘက်၌ ကင်းဝန်မင်းကြီးကျောင်းတိုက်၊ တောင်ခွင်မင်းကြီးကျောင်းတိုက်၊ ရွှေတချောင်း အရှေ့ဘက်၌ မဏိရတနာရာမမြတောင်ကျောင်းတိုက်ကို ကျောက်စာကမ္ပည်းနှင့် တွေ့ရမည်ဖြစ်သည်။

ယခုဖော်ပြသော သင်္ဂဇာတိုက်၊ အကောက်ဝန်မင်းတိုက်၊ မြတောင်တိုက်ကျောင်းကြီးများမှာ အပြောက်အမွှမ်းများဖြင့် တိုင်ပေါင်းရာကျော် မြန်မာ့ကျောင်းတော်ကြီးများအဖြစ် တွေ့နိုင်ပြီး သင်္ဂဇာတိုက်ကြီးမှအပ ကျန်မီးလောင်ပျက်စီးခံရသော ရွှေကျောင်းကြီးများဖြစ်၏။ မြတောင်ရွှေကျောင်းကြီးမှာလည်း မဟာရတနာဘုံစံကျောင်းတော်အဖြစ် စုဖုရားလတ်ကောင်းမှုဟူ၍ အသိများလှ၏။ ကင်းဝန်မင်းကြီးကျောင်းမှာ မီးဘေးမှလွတ်ပြီး သာကဝန်ကျွန်း သစ်သားကျောင်းကြီးအဖြစ် ပုံစံထူးခြားသော ကျောင်းကြီးအဖြစ် တွေ့ရမည်ဖြစ်သည်။ ကင်းဝန်မင်းကြီး၏ ကုသိုလ်ကောင်းမှု ကျောင်းကြီးဖြစ်၍ ၁၂၄၁ ခုနှစ်က ဆောက်လုပ်ခဲ့ရာ ယခုပြုပြင်မွမ်းမံမှုများကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာနက သင်္ဂဇာကျောင်းကြီးနှင့်အတူ ရှေးမှုမပျက်ထိန်းသိမ်းပြုပြင်မှုများ ဆောင်ရွက်လျက်ရှိသည်။

သက္ကရာဇ် ၁၂၄၃ ခုနှစ် သီပေါမင်း၏ ကထိန်စာရင်းအရ အမရပူရတွင် ကျောင်းတိုက်ပေါင်း ၄၄၊ ကျောင်းပေါင်း ၁၂၅၇ ကျောင်းရှိသည်ဟု မှတ်တမ်းများတွေ့ရသည်။ တောင်ခွင်သာသနာပိုင်လက်ထက်တွင် မဟာဒါန်စာရေးတို့ စာရင်းအရ မန္တလေးလေးပြင်လေးရပ်ကျောင်းတိုက်ပေါင်း ၈၅၀ ရှိကြောင်း ဖော်ပြထား၏။

မန္တလေးခေတ်ထင်ရှားသော ကျောင်းတိုက်များကို ဖော်ပြခဲ့ရာတွင် မြောက်ပြင်၊ အနောက်ပြင်တို့မှ ထင်ရှားသော ကျောင်းတိုက်ကြီး အချို့ဖော်ပြလိုပေသေး၏။ မန္တလေးတောင်ခြေ၌ မိုးထိတိုက်သည်လည်း ထင်ရှား၏။ အင်းဝ၊ အမရပူရမှမန္တလေး မင်းနေပြည်မြို့များ ရွှေ့ပြောင်းတည်ထောင်ရာအထိ လိုက်ပါရွှေ့ပြောင်းခဲ့ရ၏။ ၁၁၄၀ ပြည့် စဉ့်ကူးမင်းလက်ထက်ကစ၍ ကျောင်းတိုက်သမိုင်းစဉ် ရှည်လျား၏။ အမရပူရမှမန္တလေးမြို့သစ် ရွှေ့ပြောင်းရာတွင် အဘယာရာမတိုက်ဟူ၍ အမည်ပေးသော်လည်း ထိုနာမည်မတွင်ရစ်ပေ။ မိုးထိတိုက်ဟူ၍သာတွင်၏။

တောင်ပြင်တိုက်များတွင် မဟာအောင်မြေမြို့နယ်၌ ပေါက်မြိုင်တိုက်၊ပေါင်းလဲတိုက်(ရှင်ပင်ပေါင်းလဲခေါ် လျောင်းတော်မူဘုရားကြီး) တည်ရှိသည်။ အမရပူရခေတ်စေတီ၊ ကျောင်းကန်ဘုရားနှင့်မန္တလေးမတည်မီက ရှိနေနှင့်သော ကျောင်းတိုက်ကြီးများဖြစ်သည်။ ၃၅ လမ်းဘေးမှ ဒဟတ္တောကျောင်းတိုက်မှာ မင်းရှင်စော၏ ဒဟတ္တောဘုရားနှင့်ထင်ရှားသည်။ (တောင်ခွင်မြို့စား သတိုးမင်းကြီး မဟာမင်းထင်စည်သူကောင်းမှုဖြစ်၏)။ ငွေတောင်တိုက်(ကျောင်းမြေဧရိယာ) ကိုငွေတစ်ထောင်ပေး၍ ဝယ်ယူဆောက်လုပ်သဖြင့် ငွေတောင်တိုက်ဟုခေါ်ကြောင်း အဆိုရှိ၏။ မဟာဝိသုဒ္ဓါရုံတိုက်သစ် (ယခုလက်ရှိ တွဲဖက်ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတအဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂိယ သီတင်းသုံးနေထိုင်တော်မူသည်။ စံကင်းဆရာတော်ဘုရားကြီးမှစ၍ သီတင်းသုံးတော်မူခဲ့သောထင်ရှားသော ရွှေကျင်တိုက်ဖြစ်၏။)

အနောက်ဘက်ရှိ မစိုးရိမ်တိုက်ဟောင်း၊မစိုးရိမ်တိုက်သစ်တို့မှာသံဃာထောင်ချီ သီတင်းသုံး၍ ပရိယတ္တိစာပေသင်အံသော အထင်ကရကျောင်းတိုက်ကြီးများအဖြစ် တွေ့ရမည်ဖြစ်၏။ ထိုမှ အနောက်ဘက် လေသာတိုက်၊ ပထမရွှေအင်ပင်တိုက်၊ဒုတိယရွှေအင်ပင်တိုက်(တရုတ်သူဌေးဦးစက်ရှင်၏ မြန်မာသစ်သားကျောင်းတော်ကြီး) ရှိသဖြင့် ကမ္ဘာကျော်၏။ နှစ် ၁၀၀ ကျော် မြန်မာ့ပန်းပုလက်ရာကောင်း၊ မြန်မာ့ဘုန်းတော်ကြီးကျောင်း တည်ဆောက်လုပ်ပုံ လေ့လာလိုပါက အရောက်သွားရသောကျောင်းကြီးဖြစ်၍ ပြည်တွင်းပြည်ပခရီးသည်များနှင့်မပြတ်စည်ကားသော မြန်မာ့ရှေးဟောင်းကျောင်းကြီးဖြစ်၏။ ပြုပြင်မွမ်းမံရန်များစွာ လိုအပ်လျက်ရှိသေးသည်ကို မြင်တွေ့ရ၏။စိန်ပန်းရပ်တွင်ပဏ္ဍိတာရုံကျောင်းတိုက်၊ ဖောင်တော်ဦးတိုက်၊ ပေပင်ကျောင်းတိုက်များ တွေ့ရ၏။

ပြည်ကြီးပျော်ဘွယ် အနောက်တွင်မင်းကွန်းကျောင်းတိုက်၊ မလွန်ပရိယတ္တိသာသနဟိတအသင်း၊ အနောက်ဘက် ၈၆ လမ်း၊ ၃၅ လမ်းဘေးတွင် မဟာဝေယန်ဘုံသာတိုက်၊ တောင်ပြင်တွင် ၈၄ လမ်း၊ မင်းသားစုရပ်၌ မြင်းဝန်မင်းကြီးတိုက်(မြင်းဝန်မင်းကြီးကုသိုလ်)၊ ဘုရားကြီးအနောက်မုခ် မြောက်ဘက်ရွှေရေးဆောင်တိုက်မှာ ဗဒုံမင်း၏ ရွှေရေးဆောင်မိဖုရားက ဆောက်လုပ်သဖြင့် ရွှေရေးဆောင်ဟု တွင်၏။ ထို့နောက်သီပေါမင်းလက်ထက်အတွင်းဝန်ဦးဘိုက နိုင်ငံခြားပုံစံဆောက်လုပ်ခဲ့၏။

ဒက္ခိဏာရာမဘုရားကြီးတိုက်သည် ပုဂံမင်းလက်ထက် အတွင်းဝန်၊ ကျီဝန်၊ ရွှေပြည်ရန်အောင်မြင်းဝန်၊ ရေနံချောင်းမြို့စား သတိုးမင်းကြီး မဟာသက်တော်ရှည်မင်းကြီး ဦးပွားက ဆောက်လုပ်လှူဒါန်းသော ကျောင်းတိုက်ဖြစ်၏။ မန္တလေးခေတ်၌ ကြီးကျယ်သော ကျောင်းတိုက်ကြီးများဖြစ်၏။ ကျောင်းတိုက်၏ တောင်ဘက်တွင် ဦးပွားဘုရားတည်ရှိ၏။ မဟာနန္ဒိသေနာရာမတိုက်၊ တောင်ထီးလင်းတိုက်၊ ဘုံကျော်တိုက်၊ ညောင်ကန်တိုက်၊ မဟာဓမ္မိကာရာမကုသိန္နာရုံတိုက် (ကုသိန္နာရုံဘုရား တည်ရှိသည်။) ဆီးဘန်းနီတိုက်၊ မင်းထင်တိုက် (မင်းထင်ရှေးကျောင်း) ရှိသည်။ မင်းတုန်းမင်းလက်ထက် ဇနက်ပလာဆင်ဝန် မဟာမင်းလှမင်းကျော်ပြာရှုပ် (ဦးမင်းထင်) ဆောက်လုပ်လှူဒါန်းသည်။ ယခုတိုင် ကျောင်းအိုကြီးရှိသေးသည်။

မိုးထားတိုက်သည် မင်းကြီးမင်းလှမဟာကျော်ထင် ဘွဲ့ခံ ကျီဝန်မိုးထားဝန်ထောက်က ၁၂၂၆ ခုနှစ်တွင် ဆောက်လုပ်လှူသည်။ လက်ရာမြောက်သော ဘုံခုနစ်ဆင့်ပါ သစ်သားသိမ်ပြာသာဒ်ကို ကျောင်းတိုက်အင်္ဂါထောင့်၌ ဆောက်လုပ်ခဲ့သည်။ ဘုရားကြီးတောင်ဘက်တွင် အမရပူရခေတ် ဘိုးတော်ဘုရားလက်ထက် မန္တလေးမတည်မီကရှိခဲ့သော အာသောကာရာမတိုက်ကြီးရှိ၏။ တမ္ပဝတီဘက်၌လည်း ဆင်တဲတိုက်၊ စလေတိုက်၊ ကတိုးတိုက်များရှိသည်။ မြို့ဟောင်းဘက်၌ သမီးတော်တိုက်၊ မယ်တော်တိုက်၊ တောင်ပြင်ငါးစို့တိုက်များ တည်ရှိကြ၏။ တံခွန်တိုင်ဘက်၌ အမရပူရခေတ် ပြည်ကျောင်းတိုက်မှာ သစ်သားကျောင်း၊ သစ်သား ပန်းပုလက်ရာများနှင့် အမရပူရခေတ် လက်ရာဖြစ်သည်။ ကျောင်းတိုက်၏ အရှေ့ထိပ်၌ သန်းခေါင်းယံသိမ် တည်ရှိ၏။

အရှေ့ပြင်၌ ကျန်ရှိနေသောတိုက်များတွင် မဟာနွယ်စဉ်ရပ်ရှိ ရှေးပန်းပုလက်ရာများနှင့် မြန်မာ့ဘုန်းတော်ကြီးကျောင်းကို လေ့လာလိုသူများအတွက် ဗန်းမော်တိုက် (ဗန်းမော်ဆရာတော် အဆက်ဆက် သီတင်းသုံး၏။) ချမ်းအေးသာစံမြို့နယ် ရုံးကြီးတောင်ဘက်ပါတ်ကုန်းဝန်းကျင်ရပ် ဝိဇိတာရုံကျောင်းတိုက်၊ ဗထူးကွင်း အနီးစားတော်ဝန်မင်း၏ ရှေးကျောင်းကြီးတည်ရှိရာ နန်းဦးတိုက်၊ ဆီမီးထွန်းတိုက်၊ မောရဂီဝါရပ်၌ ဓမ္မာရုံစံကျောင်းတိုက်၊ ကဥ္စဏမဟီရပ်၌ မြေနီကျင်းကျောင်းတိုက်၊ (ဆရာတော် ဦးနိဗ္ဗာန၏ ရာပြည့်စာသင်ကျောင်းရှိသဖြင့် ထင်ရှား၏။) ရန်ကုန်-မန္တလေး ကားလမ်းဘေးချမ်းမြသာစည်ရပ်တွင် မူလဆီးဘန်းနီတိုက်၊ ရေနံချောင်း ကျောင်းတိုက်၊ အောင်မြေရွှေဘုံတိုက်၊ မြို့လယ် ၉၃ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားတွင် မြို့လယ်ဆူးခါးတိုက်များကို မန္တလေးခေတ်တွင် ထင်ရှားလူသိများသော ကျောင်းတိုက်များအဖြစ် လေ့လာနိုင်ကြပါသည်။

ဆက်လက်ဖော်ပြပါမည်။

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**





## ရောင်းရန်ရှိသည်

၂၄နာရီစတိုးဆိုင်ဖွင့်ကျက်သိမ်းမည်ဖြစ်ပါသဖြင့် ဆိုင်သုံးပစ္စည်းများ (စင်၊ ရေခဲသေတ္တာ၊ Freezer, ကွန်ပျူတာ၊ Program နှင့် အခြားပစ္စည်းများ) အဆင်သင့်ဖွင့်နိုင်ရန် တစ်ဆိုင်စာအလုံအလောက် ရောင်းရန်ရှိပါသဖြင့် 24Hr Convenience Store သို့မဟုတ် စတိုးဆိုင်ဖွင့်ချင်သောသူများ ဈေးသက်သက်သာသာနှင့် တစ်နေရာတည်း ဝယ်ယူလိုပါက ဆက်သွယ်နိုင်ပါသည်။

မှတ်ချက်။ ပစ္စည်းများမှာ လုံးဝအသစ်ဖြစ်သည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၂၆၀၈၇၀၂၁၁၊ ၀၉-၇၉၅၅၃၆၂၃၉၊ ၀၉-၄၅၀၀၁၆၇၂၁

**ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ**



ရှေးမှုမပျက်စေတော်မိလုပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်းတပ်ရက်/မင်္ဂလာဆော်ကွန်း/ဇာတာ/ဂဏန်းဗေဒင်အဟောများ/နက္ခတ်အဟောများ/ မိဘနာမည်တွဲသုံးပုံလမ်းညွှန်/တစ်သက်တာဟောစာတမ်းများ/နာမည်ပေးပါရှုဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန်အာမခံသည်။ ရှင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည်အိမ်ပို့၇၀၀၀ နယ်သို့စာတိုက်မှပို့မည်။လူကြီးများလိုရာမေး ကွန်ပြူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။

အမှတ်(၃၅) မြေညီထပ်(၈၇)လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်ရန်ကုန်မြို့(ပိတ်ရက်မရှိ)

☎01-394727,01-399426,09-73009994,09-5152521

**Ko Mon Lay**

**Hair Dressing Center**

ယခင် Higrade ဆံသဆိုင်မှ ဖြစ်ကြသော

ကိုမွန်လေး၊ ဦးသန်းညွန့်၊ စိုင်းစည်

(ကိုမွန်လေး) အိမ်၊ခြံ၊မြေ အကျိုးဆောင်လုပ်ငန်း (မြို့နယ်စုံ)

Ph: 09 425313559, 09 31579993, 09 450202459

အမှတ်(၇)၊ ကျွန်းတောလမ်း (Junction Square နှင့် ဟံသာဝတီကားပွဲစားတန်းအနီး)၊ ကမာရွတ်မြို့နယ်။

**100% သံချေးမတက်သည့် Stainless Steelဘလိတ်ဓားသွားထူးကြီးများကို**

**စော်ဘွားလေးစိုလ်စိုလ်မောင်ကုမ္ပဏီလီမိတက်မှ 15%Discount**

ဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

အရောင်းဆိုင်(၁) - [illegible]
Ph : 01-545531,01-8603141,09-5008161

အရောင်းဆိုင်(၂) - [illegible]
Ph : 01-656521, 09-421024731, 09-421024741

အရောင်းဆိုင်(၃) - [illegible]
Ph:01-642748, 09-421024711,09-421024811

အကျီချုပ်ခ ဈေးကြီးတယ်၊ အရမ်းလည်းကြာတယ်၊
ကိုယ်တိုင်ချုပ်တတ်ရင် မကောင်းဘူးလား
အေးမွန်ရတနာ
အမျိုးသမီးစက်ချုပ်သင်တန်း
အဆောင်စီစဉ်ပေးသည်။
ဒေါ်ခင်ဝင်းရီ B.A,B.Ed
၃၉(ဂ)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊
(ကျောက်ကုန်းမီးပွိုင့်အနီး)
ဖုန်း-၀၁-၅၇၉၈၂၅၊ ၀၉-၅၁၀၄၆၈၇၊
၀၉-၅၁၉၃၄၉၁၊ ၀၉-၄၀၀၀၆၈၀၉

တူဒေးစာအုပ်တိုက်




# INTERESTING PLACES OF THE PAST IN YANGON

MAUNG KHINE ZAW

၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ရန်ကုန်မြို့ပြစီမံကိန်း စတင်ချိန်မှစ၍ ယနေ့အထိ ခေတ်အဆက်ဆက်ပြောင်းလဲလာခဲ့သော ရန်ကုန်မြို့ရှိ ထင်ရှားသောအဆောက်အအုံများ၊ အထင်ကရနေရာများအကြောင်းကို အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော စာအုပ်ဖြစ်သည်။ နိုင်ငံခြားသားဧည့်သည်များအနေဖြင့် မြန်မာပြည်သို့ ရောက်ရှိလာချိန်တွင် ရန်ကုန်မြို့၌ မလည်မဖြစ် သွားရောက်လည်ပတ်သင့်သောနေရာများကို သမိုင်းကြောင်းများနှင့်တင်ပြထားပါသည်။ မြို့တော်ခန်းမ၊ လွှတ်လပ်ရေးကျောက်တိုင်၊ ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၊ ပန်းခြံများ၊ စစ်ကြိုခေတ် စစ်ပြီးခေတ် အဆောက်အအုံများ၊ လမ်းများအကြောင်းကို သမိုင်းမှတ်တမ်းဓာတ်ပုံများနှင့်တကွ ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသောစာအုပ်ကောင်းတစ်အုပ်.....

တန်ဖိုး ၂,၀၀၀ကျပ်

အမြို့မြို့ရှိ စာအုပ်ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

---

**ကုန်အမှတ်တံဆိပ်နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့် ၂၀၁၅အလွန်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြီး အထက်ပါခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ် ကျင်းပမည်ဖြစ်ပါ၍ လူကြီးမင်းအား တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၁၃-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)
အချိန် ။ ။ နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီ အထိ
နေရာ ။ ။UMFCCI မင်္ဂလာခန်းမ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၀၉-၇၉၈၄၃၃၁၈၃**

---

**မြန်မာကော်ဇွန်-ကူမွေဏီ**

* ခန်းဆီးလိုက်ကာပိတ် နှင့် Blindsမျိုးစုံချုပ်လုပ်ခြင်း။
* လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
* Sofa, Cushion ဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
* မွေ့ရာအမျိုးမျိုးရောင်းချခြင်းနှင့် ပြုပြင်ခြင်း
* ခန်းဆီးလိုက်ကာ ပိတ်စများကိုလက်လီ/လက်ကားရရှိနိုင်ပါသည်။

အမှတ်-(၁၂၀)၊မဟာဗန္ဓုလလမ်း နှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။
Ph: 291317/202921/09-8627489

---

**TRS**
THREE RED STARS Co., Ltd.

Rattan & Water Hyacinth Furniture and Accessories



နှစ်သစ်ကူး အထူးဈေးရောင်းပွဲတော်
( 1-Dec-2015 မှ 10-Jan-2016)



လူကြီးမင်းတို့၏
နေအိမ်၊ဟိုတယ်၊ ရုံးခန်း၊ Spa ၊ စားသောက်ဆိုင် နှင့် Interior Designများအတွက် ကြိမ် နှင့် ဗေဒါ တို့ဖြင့် ပြုလုပ်ထားသောအရည်အသွေးမြင့် ပရိဘောဂများ၊ အသုံးအဆောင်ပစ္စည်းများကို ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိပါသည်။
Customize Design များကို လည်းလက်ခံဆောင်ရွက်ပေးပါသည်။

Hot Line
09-5116129
09-5102539

5% to 30% Discount

Yangon: TAW WIN Center
Ph : 09-254118527
www.facebook.com/Three Red Stars

Mandalay : No.1, DIAMOND PALAZA Ph : 09-91015199
No.2, E-4, 62St, Sanpya Industrial Myothit,
Ph : 02-5153489

Sagaing: MAKYEE SIN Showroom
No-86, Makyee Sin, Sagaing-Monywa Road,
Sagaing Tsp, Sagaing. Ph : 09-47063305

Bagan: No.A 33,35,E2
Corner of Nweni St and 6th St,
Bagan Myothit Bazaar. Ph : 09-5116129

---

**MIC**
**Myanmar Imperial College**

edexcel
Approved Centre No. 93679



တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်

**HND** Business / Advertising & Branding / Hospitality & Tourism

**BA** Business & Management / Marketing Management / Tourism Management

မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်

**MBA** Master of Business Administration

**DBA** Doctor of Business Administration

+ ဗြိတိန်နိုင်ငံ University of Northampton မှ တိုက်ရိုက်ပေးအပ်သော နိုင်ငံတကာအသိအမှတ်ပြု Diploma, Bachelor နှင့် Master Qualifications
+ ပြည်တွင်းပြည်ပမှ Professors၊ Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေးပညာရှင်များ
+ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကျောင်းဝင်း
+ အဆင့်မြင့် Library နှင့် Facilities များ

THE UNIVERSITY OF NORTHAMPTON

Enroll Now!

09 732 10001 / 09 4211 00222

အမှတ် (၁) ဈေးပြောက်လမ်း၊ (ဦးဝိစာရအဝိုင်းအနီး)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

---

**TRIPLE-GEMS**
Development



- မြေကွက် အကျယ် (40' x 60')
- Room Type ပုံစံအခန်းအကျယ်
(1 master bedroom, 1 single bedroom and 1 shared bathroom and toilet)
- မြေညီထပ်အမြင့် 17'
- ကျန်အထပ်များ 10' အမြင့်နှင့် Penthouse အမြင့် 9'
- Pile Foundation, Ready - Mixed Concrete
- Underground Tank
- Overhead Tank (Stainless Steel Tank)
- ကိုယ်ပိုင် မီတာ
- 8 ယောက်စီး ဓာတ်လှေကား
(Back-up Generator for Lift)
- ရေချိုးခန်း အိမ်သာ ကြမ်းခင်းပြည့် ကြွေပြားနှင့် နံရံမြင့် 5' ကြွေပြား

တိုက်ခန်းများကို (ကြိုတင်) နှစ်ရှည်အရစ်ကျစနစ်ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေပါပြီ။

Property Location: Address: Phone Gyi Lan, North Okkalapa Township, Yangon.
Contact Address & Phone : No. 34, 3 Floor(B), Ma Po Street, Sanchaung Township, Yangon, Ph: 09-73205503, 09-43169931, 0943111601

---

## အလိုတော်ပြည့်ဘုရားပွဲဇာတ်ကြီးကြေးကြော်ငြာ

ညောင်ဦးခရိုင်၊ ပုဂံ-ညောင်ဦးမြို့နယ် နှစ်စဉ်ကျင်းပမြဲဖြစ်သော အလိုတော်ပြည့်ဘုရားပွဲတော်ကို ၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း(၁၄-၁၅)၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ(၂၅.၂၆)ရက်နေ့များတွင် အလိုတော်ပြည့်ဆရာတော်နှင့် ဂေါပကအဖွဲ့ဝင်များမှ ဦးစီး၍ အမြဲမြိုအနယ်နယ်မှ ဆွမ်း ၊ ရေချမ်း၊ သစ်သီး ၊ ပန်း၊ ဆီမီး (၅၀၀၀)တို့ဖြင့် ဗုဒ္ဓပူဇနိယထီးဖြူတော်ဖွင့်ပွဲအခမ်းအနားဖြင့် လှူဒါန်းပူဇော်ပြီး ပင့်သံဃာ (၅၂၈) ပါးတို့အား (၁) ပါးလျှင် (၁၀၀၀၀)ကျပ် ဖြင့် ငွေပဒေသာပင်များ လှူဒါန်းပူဇော်မည်ဖြစ်ပါသည်။ မိမိတို့လောင်းလှူလိုသော ပစ္စည်းများကိုပင့်သံဃာ (၅၂၈)ပါး အတွက် သံဃာ့ဒါန သံဃာစေ့ လှူဒါန်းနိုင်ပါကြောင်းလေးစားစွာဖြင့် အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပျော်ပွဲရွှင်ပွဲများအနေဖြင့်အငြိမ့်ပွဲဇာတ်ပွဲမီးပုံးပျံလွှတ်တင်ပွဲများဖြင့်စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အလိုတော်ပြည့်ဘုရားဂေါပကအဖွဲ့၊ ပုဂံ-ညောင်ဦးမြို့

**GOLDEN STAR** Travels & Tours
ဂျာမနီ နိုင်ငံထုတ် MAN အဆင့်မြင့်ကားများဖြင့်...
- ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ဝရက္ခ Dec-18,24,Jan-1
- မန္တလေး-မြင်ဦးလွင်-ဇင်ကိုင်-မင်းကွန်း Dec-18,24,Jan-1
- တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ Dec-18,24,Jan-1

ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (နေ့စဉ်)
Ph:01-703448, 209200, 09-5081580, 09-5036640




## Win & San Diamonds and Fine Jewelry

Win & San
Since 1983
Diamonds & Fine Jewelry

(ဦးဝင်းနိုင်) + သုဝဏ္ဏသိဂီဒေါ်စန်းစန်း

Win & San Diamonds and Fine Jewelry မှ ဒီဇင်ဘာလနှစ်ဦးအကြို နှင့် Win & San စိန်တိုက်ပိုင်ရှင် သုဝဏ္ဏသိဂီ ဒေါ်စန်းစန်း၏မွေးနေ့ အထိမ်းအမှတ် အဖြစ်အထူး Promotion ပွဲအားအောက်ဖော်ပြပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် HRD, GIA တစ်ပွင့်စိန်များ၊ ဖြူသန့်စိန်များနှင့် မြန်မာ့တွင်းထွက်ကျောက်မျက်ရတနာများဖြင့်ပြုလုပ်ထားသည့် Thai နှင့် Hongkong ပန်းထိမ်ဆရာများ၏လက်ရာအသစ်အဆန်းများဖြင့်ဖန်တီးထားသောစိန်ထည်လက်ဝတ်ရတနာ (2016 Model Design) အသစ်အဆန်းများကိုအထူးလျှော့ဈေး (Discount 25% to 30%) ဖြင့် ရောင်းချပေးမည် ဖြစ်ပါသောကြောင့်လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းလေးစားစွာဖြင့်သတင်းကောင်းပါးဖိတ်ကြားအပ်ပါသည်။

**Promotion Date - 11/12/13 December '2015**

အမှတ်(၃၆/) အောင်မင်းခေါင်ဘုရားလမ်း၊ (၁၀)ရပ်ကွက်၊ ဝင်ဒါမီယာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၀၂၉၇၇၊ ၀၁-၅၀၄၆၇၉၊ ၀၁-၇၀၉၉၃၃၊ ၀၉ ၃၁၄၇၁၄၉၅

တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မှ တာဝန်ယူတည်ဆောက်သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမှူးဒေသ၊ နိုင်ငံတကာအဆင့်မြင့် ကျောက်စိမ်းနှင့်တွင်းထွက်ကျောက်မျက်ရတနာ ခေတ်မီ (၂)ထပ်ဈေးသစ်ကြီးအတွင်းရှိ ဈေးဆိုင်ခန်းများ စတင်ရောင်းချခြင်း

၂၀၁၆ ဖြေဖော်ဝါရီလ တွင် စတင်ဖွင့်လှစ်ပါမည်။




- ခေတ်မီ (၂)ထပ်ဈေးသစ်ကြီး ရေရှည်တည်တံ့ရေးနှင့် အရည်အသွေး ကောင်းမွန်ရေး တို့အတွက် ဝန်ဆောင်မှုလုပ်ငန်းအားလုံးကို Management Company တစ်ခုမှ တာဝန်ယူ လုပ်ဆောင်ပါမည်။
- (၂၄)နာရီ ရေ ၊ မီးစနစ် အတွက် အရံမီးစက်များ ထားရှိခြင်း
- အဖိုးတန်ကျောက်မျက်ဈေးကြီး၏ လုံခြုံရေးအတွက် CCTV များ ၊ Manpower ၊ Electronic ကိရိယာများ တပ်ဆင်ပြီး အဆင့်မြင့်လုံခြုံရေးစနစ် (၂၄)နာရီထားရှိပါမည်။
- Project တွင် ရဲစခန်းထားရှိရန် စီစဉ်လျက်ရှိပါသည်။ ဈေးကြီးတစ်ခုလုံးကိုလည်း ခြံစည်းရိုးများဖြင့် လုံခြုံစွာကာရန်ထားပါသည်။
- မီးအာမခံကုမ္ပဏီများ၊ ကိုယ်ပိုင်မီးသတ်ဌာန မီးဘေးကာကွယ်ရေးစနစ်
- Money Changer , Bank များ ၊ Bank အာမခံကုမ္ပဏီများမှတာဝန်ယူမည့် Locker စနစ်
- ဆိုင်ကယ်အစီးရေ (၃၀၀၀)၊ ကားပါကင် (၃၀၀) နှင့် အရံကားပါကင်(၁၀၀၀)
- Food Court အတွင်းရှိ အဆင့်မြင့် စားသောက်ဆိုင်များ ၊ Food Shop များ၊ Mini Market များ ၊ အဆင့်မြင့် သန့်စင်ခန်းများ
- ဓါတ်လှေကား (၆) စင်း နှင့် ရွေ့လျားစက်လှေကား (၆)စင်း
- Project လမ်းမီးအားလုံး Solar LED မီး ၊ အရံ EPC မီးများ ထားရှိပါသည်။
- 10 MW National Grip Line တစ်ခု တပ်ဆင်ထားရှိပါမည်။
- မန္တလေးတံခွန်တိုင်အဝိုင်းမှနေ၍ (၁၅)မိနစ်ခန့်သာ မောင်းနှင်ရမည်၊ အမြန်လမ်းမကြီးမှ Project ထဲသို့ တိုက်ရိုက်ဝင်ပါမည်။

